ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ တနင်္ဂနွေနေ့ (5-12-2010) (ဖြ၀၃)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ထိုင်းနိုင်ငံဘုရင်မင်းမြတ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော်　　ဒီဇင်ဘာ　　၅

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော်　　ဒီဇင်ဘာ　　၅

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံဝန်ကြီးချုပ် အဘီဆစ်ဝဲ့ချာချီဝထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

သထုံပင်မဓာတ်အားခွဲရုံနှင့် ဖော်လမြိုင်ပင်မဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ ဝယ်ယူရန် သဘောတူစာချုပ်များ လက်မှတ်ထိုး

နေပြည်တော်　　ဒီဇင်ဘာ　　၄

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဒီဇင်ဘာ ၂ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးခန်းမဆောင်၌ ကျင်းပသော မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီ သုံးခုဖြစ်သော Chint Electric Co., Ltd., Gunkul Engineering Public Co., Ltd. နှင့် Central China Power Grid International Economic & Trade Co., Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ စာချုပ်ချုပ်ဆိုပွဲ အခမ်းအနားသို့ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ရှေ့နေချုပ် ဦးအေးမောင်၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးတင့်ဆွေနှင့် ဦးမြင့်သိန်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ကုမ္ပဏီသုံးခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားပြီး ကုမ္ပဏီများကိုယ်စား Chint Electric Co., Ltd. မှ ဒေါက်တာ ဦးအောင်စိုးဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီသုံးခုဖြစ်သော Chint Electric Co., Ltd., Gunkul Engineering Public Co., Ltd. နှင့် Central China Power Grid International Economic & Trade Co., Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

စကြဝဠာအတွင်းရှိ ကြယ်စင်အရေအတွက် ထင်သည်ထက် သုံးဆများပြား

စာမျက်နှာ (၄)

မြန်မာနိုင်ငံ၏ နျူကလီးယားစီမံကိန်းနှင့် ပတ်သက်သည့် Kelley ၏ စွပ်စွဲချက်များအပေါ် IAEA ၏ ဒုတိယ ညွှန်ကြားရေးမှူးဟောင်း Olli Heinonen က ငြင်းချက်ထုတ်ခဲ့။

Olli Heinonen က “ဒါသဘာဝမကျတဲ့ စွပ်စွဲချက်ပါ။ ထင်သာမြင်သာတဲ့ အထောက်အထားလည်း မတွေ့ရဘူး။ ဒါဟာ နျူကလီးယားကိစ္စအတွက်သာ ဖြစ်ပါတယ်လို့ ယုံကြည်စိတ်ချရလောက်အောင် ပြောနိုင်တဲ့ သက်သေအထောက်အထားဆိုလို့ တစ်မျှင်လေးတောင်မှ မရှိပါဘူး။”

ဘာသာပြန်(ဆောင်းပါး) စာမျက်နှာ (၈ ၊ ၉)

ပညာသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အရင်းအမြစ်ဖြစ် (ကျောင်းအလှူရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း)

စာမျက်နှာ (၆)

ကြေးမုံ The Mirror

၅-၁၂-၂၀၁၀
(တနင်္ဂနွေနေ့)

မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွားမြင့်မားအောင်ကြံဆောင်

မြန်မာ့တိုင်းရင်းဆေးပညာသည် မြန်မာ့ယဉ်ကျေးမှုသမိုင်းအဦးအစ ကာလကပင် အသုံးပြုခဲ့သော အမျိုးသားရိုးရာ ဆေးပညာဖြစ်သည်။ အစဉ်အဆက် ပေါ်ထွန်းလာခဲ့သော မြန်မာ့တိုင်းရင်းဆေးပညာရှင်ကြီးများက ခက်ခဲနက်နဲသော ဆေးကျမ်းအစောင်စောင်ကို ပြုစုခဲ့ကြသည်။ တော်ဝင်ဆေးပညာတစ်ရပ်ဖြစ်ပြီး ခေတ်အဆက်ဆက် အာနိသင်ထက်မြက်သော ဆေးဝါးအဖုံဖုံ၊ ကုထုံးအသွယ်သွယ်တို့ဖြင့် ပြည်သူများအား စောင့်ရှောက်မှုပေးလာခဲ့သည်။

နိုင်ငံတော်အစိုးရက မြန်မာ့တိုင်းရင်းဆေးပညာ အရှည်တည်တံ့ခိုင်မြဲတိုးတက်စေရေးအတွက် အားပေးမြှင့်တင်ပေးနေသည်။ တိုင်းရင်းဆေးတက္ကသိုလ်တည်ထောင်၍ ဆေးပညာရှင်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်မွေးထုတ်ပေးနေသည်။ အစွမ်းထက်မြက်သော တိုင်းရင်းဆေးဝါးများထုတ်လုပ်နိုင်ရေး သုတေသနပြုနေပြီ။ ပရဆေးဥယျာဉ်များ ထူထောင်ပြီး ဆေးဖက်ဝင်ပရဆေးပင်များ ထိန်းသိမ်းစိုက်ပျိုးလျက်ရှိသည်။

နိုင်ငံတော်အပိုင်းက တိုင်းရင်းဆေးလောက အဆင့်မြင့်မားတိုးတက်စေရေး အဘက်ဘက်က အားပေးမြှင့်တင်ပေးနေသည်။ တိုင်းရင်းဆေးပညာရှင်များကလည်း မြန်မာ့တိုင်းရင်းဆေးပညာရပ်များကို စနစ်တကျလေ့လာဆည်းပူးပြီး ကမ္ဘာ့တိုင်းရင်းဆေးလောကတွင် ရှေ့တန်းကရပ်တည်သွားနိုင်ရေး ကြိုးပမ်းကြရပေမည်။ အရည်အသွေးမြင့်မား တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ဆက်လက်အားထုတ်ကြရပေမည်။

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံကို နေပြည်တော်တွင် ယနေ့မှစ၍ ကျင်းပလျက်ရှိသည်။ အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းဆေးသမားတော်များ တွေ့ဆုံနှီးနှော ဆွေးနွေးကြမည်။ မြန်မာ့တိုင်းရင်းဆေးပညာ ပြန့်ပွားရေး၊ လက်တွေ့ကုသရေး၊ ပညာပေးလေ့ကျင့်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေး၊ ရောဂါကာကွယ် ကုသနှိမ်နင်းရေး၊ နယ်ပယ်ကဏ္ဍအသီးသီးတွင် ထိရောက်စွာအသုံးပြုနိုင်ရေးတို့ ပါဝင်ဆွေးနွေးကြမည်။

မြန်မာ့တိုင်းရင်းဆေးပညာသည် ကျယ်ဝန်းနက်ရှိုင်းသည်။ သိမ်မွေ့နက်နဲလှသည်။ ရှိရင်းစွဲအစွမ်းသတ္တိနှင့် ဂုဏ်အင်္ဂါများ ပျောက်ကွယ်မသွားစေရေး လက်ဆင့်ကမ်း ထိန်းသိမ်းမြှင့်တင်သွားကြရပေမည်။ မြန်မာ့တိုင်းရင်းဆေးပညာကို နိုင်ငံတကာအဆင့်မီ နှုန်းမီစံမျှ နည်းလမ်းတကျ တိုးတက်ထွန်းကားအောင် ကြိုးပမ်းစွမ်းဆောင်ကြရပေဦးမည်။

ယနေ့ကာလ၌ မြန်မာ့တိုင်းရင်းဆေးအဆင့်အတန်း တိုးတက်စေရေး အားပေးမြှင့်တင်လျက်ရှိရာ သမားတော်များ၏ ပေါင်းစည်းညီညီ ကြိုးပမ်းအားထုတ်မှုများဖြင့် မြန်မာ့တိုင်းရင်းဆေးပညာ ဆင့်ပွားမြင့်မားလာစေရေး စွမ်းစွမ်းတမံ ဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ ။

ခရမ်းမြို့နယ်၌ မိုးစပါးအထွက်မှန်ကန်ရေး စံကွက်ရိတ်သိမ်း

ရန်ကုန် ဒီဇင်ဘာ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ခရမ်းမြို့နယ် မြေစာရင်းဦးစီးဌာန မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးစောတာမလာဖောသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးစိုးမြင့်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ လက်ထောက်ဦးစီးမှူးများ၊ မြေတိုင်းစာရေးများနှင့်အတူ နိုဝင်ဘာ ၂၉ ရက်တွင် ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် သက္ကယ်ကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၇၇၄-အေ) သက္ကယ်ကုန်းကွင်း ဦးပိုင်အမှတ်(၁၁၈) တောင်သူဦးအောင်ဝင်းစိန်၏ ပုသိမ်ရာကျော်စပါးခင်း ၁၂ ဒသမ ၀၉ ဧက၌ မိုးစပါးအထွက်မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြသည်။ ခြောက်သွေ့ပြီး ပုသိမ်ရာကျော်စပါးတစ်ဧကေ ၇၃ ဒသမ ၄၄ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်ပညာရေးမှူးများနှင့် အခြေခံပညာ အထက်တန်းကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်းက အမှာစကားပြောကြားရာတွင် အမျိုးသားပညာရည်မြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက်မြင့်မားရေး၊ ထူးချွန်ထက်မြက်သူများ ပိုမိုထွက်ပေါ်လာရေး၊ မျှော်မှန်းအောင်ချက် ပြည့်မီကျော်လွန်ရေးတို့ကို အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ဘာသာရပ်အလိုက် သင်ယူတတ်မြောက်မှု မြင့်မားရေးအတွက် အားနည်းချက်များကို စိစစ်ဖော်ထုတ်ပြီး ကြပ်မတ်ဖြည့်ဆည်းပံ့ပိုးဆောင်ရွက်ကြရန် ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ပညာရေးမှူးများက အမျိုးသားပညာရည် မြင့်မားရေး၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများ ပိုမိုထွက်ပေါ်လာရေးနှင့် မျှော်မှန်းအောင်ချက် ပြည့်မီကျော်လွန်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းနှင့် တာဝန်ရှိသူများက တက္ကသိုလ်ဝင်စာမေးပွဲအောင်ချက် မြင့်မားရေးအတွက် ဖြည့်စွက် ဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ဆွေးနွေးမှာကြား ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ပညာရေးဝန်ကြီးဌာန အခြေခံပညာကဏ္ဍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ(၄)ရပ်ကွက်ရှိ အထက(၁) ယုဇနခန်းမဆောင်၌ ဒီဇင်ဘာ ၁ ရက်က ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော အမျိုးသားနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းဌေး ဖတ်ကြားစဉ်။ (မြို့နယ်စာပေနှင့် စာနယ်ဇင်း)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

၁၉၈၅ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဘာသာရပ်သို့ တက်ရောက်ခဲ့သူများ၊ ၁၉၉၂ ခုနှစ်တွင် ဘူမိဗေဒဘွဲ့ ရရှိခဲ့သည့် ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၅နာရီတွင် ဆီဒိုးနားဟိုတယ်(ရန်ကုန်) ရန်ကင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပါဝင်လှူဒါန်းလိုသူများသည် ဝေမွန်ဦး ဖုန်း-၀၉-၅၅၃၉၅၅၅၊ သက်ဦး ဖုန်း-၀၉-၅၀၀၅၂၆၀၊ သန်းထွန်း ဖုန်း-၀၉-၅၁၄၇၀၉၆၊ မြင့်ကြည်ထွန်း ဖုန်း-၀၉-၅၁၄၉၅၁၈၊ ဝင်းမောင်မောင် ဖုန်း-၀၉-၅၄၀၅၉၇၀၊ ၀၁-၅၇၂၀၉၆၊ ကျော်စွာထွန်း ဖုန်း-၀၉-၅၁၇၇၅၃၁၊ စိုးရသူရထွန်း ဖုန်း-၀၉-၅၁၄၄၀၀၅၊ ခိုင်မျိုးအေး ဖုန်း-၀၉-၅၀၁၅၆၁၉၊ ဟန်လင်း ဖုန်း-၀၉-၅၁၁၃၅၇၉၊ ဝင်းနိုင်ထွန်း ဖုန်း-၀၉-၅၁၉၆၇၅၈၊ စန္ဒာညွန့် ဖုန်း-+၆၅-၉၀၂၉၇၇၂၆(စင်ကာပူ)နှင့် ဇော်စိုးဦး ဖုန်း-+၁-၇၀၃၉၆၇၇၅၅၀ (အရှေ့ပိုင်း)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

BCB Centre မှ စီမံခန့်ခွဲမှုသင်တန်းများ ဖွင့်လှစ်မည်

ရန်ကုန် ဒီဇင်ဘာ ၄

MBA ဘွဲ့ရ စီးပွားရေးလုပ်ငန်းရှင်များ ဖွဲ့စည်းထားသည့် Myanmar Business Executives (MBE) Network က တည်ထောင်ထားသော စီးပွားရေး စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကျောင်း (Business Capacity Building (BCB) Centre မှ အရောင်းပညာကျွမ်းကျင်မှုသင်တန်း (Sales Essential) သင်တန်းကို ဒီဇင်ဘာ ၁၄ ရက်တွင် လည်းကောင်း၊ Essential Knowledge on Banking & Finance သင်တန်းကို ဒီဇင်ဘာ ၁၁ ရက်တွင် လည်းကောင်း၊ စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း အပိုင်း(၂) [Business Management Course Part-(II)] သင်တန်းကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး အရောင်းပညာကျွမ်းကျင်မှုသင်တန်း (Sales Essentials) သင်တန်းတွင် လက်လီအရောင်းဆိုင်လေးများမှစ၍ မီနီစတိုး၊ စူပါမားကက်များတွင် အရောင်း တာဝန်ထမ်းဆောင်နေသူများအတွက် ရောင်းချမှုအတတ်ပညာ (Effective Selling)၊ စေ့စပ်ညှိနှိုင်းမှုအတတ်ပညာ (Negotiation)၊ ဝန်ဆောင်မှုပေးခြင်း အတတ်ပညာ (Customer Service) တို့ကို သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းကာလမှာ ၁၂ ရက်ဖြစ်ပြီး သင်တန်းအချိန်မှာ ညနေ ၅နာရီခွဲမှ ည ၇နာရီခွဲအထိ တနင်္လာနေ့မှ သောကြာနေ့များတွင် ပို့ချမည်ဖြစ်သည်။

Essential Knowledge on Banking & Finance သင်တန်းကို ငွေကြေးနှင့် ဘဏ်လုပ်ငန်းအကြောင်း စိတ်ဝင်စားသူများ၊ ဘဏ်လုပ်ငန်း၌ တာဝန်ထမ်းဆောင်လိုသူများနှင့် ဘဏ်လုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများအတွက် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သည်။ အခြေခံဘဏ်လုပ်ငန်းများနှင့် ဘဏ်လုပ်ငန်း အဆင့်ဆင့်အကြောင်းကို ပြည့်စုံပိုင်နိုင်စွာသိရှိပြီး ဘဏ်လုပ်ငန်းတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည်ဖြစ်သည်။

စီးပွားရေးစီမံခန့်ခွဲမှုသင်တန်း အပိုင်း(၂)၌ ဘာသာရပ်ခြောက်ခုကို ပို့ချမည်ဖြစ်သည်။

သင်ကြားမှုတွင် အတွေ့အကြုံရှိ ဝါရင့်ဆရာ၊ ဆရာမများနှင့် အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ စနစ်တကျ သင်ကြားပေးမှုနှင့်အတူ လုပ်ငန်းအတွေ့အကြုံများကို ဆွေးနွေးဖလှယ်ခြင်း၊ လုပ်ငန်းခွင်အခက်အခဲများအား ကူညီဖြေရှင်းပေးခြင်းများ ပါဝင်မည်ဖြစ်သည်။ ထို့အပြင် သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

သင်ကြားသော ဘာသာရပ်များနှင့် ဆိုင်သောဝက်ဘ်ဆိုက် (Website) များ လေ့လာနိုင်ရန် အင်တာနက် အခမဲ့သုံးစွဲခွင့်ပေးမည်ဖြစ်ပြီး လိုအပ်သောစာအုပ်များ (Reference)ကို ထားရှိပေးထားမည်ဖြစ်သည်။

စိတ်ဝင်စားသူများအနေဖြင့် ဖုန်း - ၅၃၈၅၃၁ BCB Centre အခန်း (၄၀၅) ပန်းခြံတာဝါ အမှတ်(၈) ဗားဂရာလမ်းနှင့် မမ္ဘစေတီလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ E-mail: bcbcentre @mptmail.com. mm, bcbcentre009@ gmail.com သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပေးအပ်လှူဒါန်း

ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၇၀) ငွေရတုအထိမ်းအမှတ်အဖြစ် ထာဝရ ဘက်စုံငွေပဒေသာပင်အတွက် အလှူငွေကျပ် ငါးသိန်းကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီးမှ အကျိုးဆောင် စာရင်းစစ် ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

☆ **ရွှေဖုံးမှ**

ယင်းနောက် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်သန်းဦးနှင့် ကုမ္ပဏီသုံးခုတို့မှ အုပ်ချုပ်မှုဒါရိုက်တာများက ၂၃၀ ကေဗွီ သထုံပင်မ ဓာတ်အားခွဲရုံနှင့် မော်လမြိုင် ပင်မဓာတ်အားခွဲရုံအတွက် Power Transformer ဝယ်ယူခြင်း၊ Capacitor Bank ၊ Substation Materials များ ဝယ်ယူရန်အတွက် သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန် လဲလှယ်ခဲ့ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာချုပ်ချုပ်ဆိုပွဲ အမှာစကားပြောကြား

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီသုံးခုဖြစ်သော Chint Electric Co., Ltd., Gunkul Engineering Public Co.,Ltd. နှင့် Central China Power Grid International Economic & Trade Co., Ltd. တို့အကြားချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တက်ရောက် ချီးမြှင့်

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းနှင့် ကုမ္ပဏီသုံးခုဖြစ်သော Chint Electric Co., Ltd., Gunkul Engineering Public Co., Ltd. နှင့် Central China Power Grid International Economic & Trade Co., Ltd. တို့အကြား ချုပ်ဆိုသည့် စာချုပ်ချုပ်ဆိုပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ခွဲစိတ်ကုဆရာဝန်များအဖွဲ့ ညီလာခံ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

(၁၈)ကြိမ်မြောက် ခွဲစိတ်ကုဆရာဝန်များအဖွဲ့ ညီလာခံကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၈ ရက်မှ ၃၀ ရက်အထိ ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်ဖြစ်ရာ ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်အထိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆောင်(၁၃+၁၄)ရှိ ပါမောက္ခ ဦးမျိုးမြတ်သူထံသို့ ကြိုတင်မှတ်ပုံတင်ခြင်း (Registration) ပြုလုပ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အကြိုညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမှတ်(၇) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် မကွေးတိုင်းဒေသကြီးမှ ညီလာခံကိုယ်စားလှယ် ဦးထွန်းကြိုင်နှင့် ကချင်ပြည်နယ်မှ ညီလာခံကိုယ်စားလှယ် ဦးဂျီခေါယိမ်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဒေါက်တာအောင်မြင့်က တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် စပ်လျဉ်းသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် (၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များ ညီလာခံ အဆိုပြုချက်များဖြစ်သော တိုင်းရင်းဆေးပညာရပ် သင်ကြားရေး၊ ကုသရေးနှင့် သုတေသနကဏ္ဍများ နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ပြည်သူလူထုအတွက် အရည်အသွေးပြည့်မီပြီး စစ်မှန်အစွမ်းထက်သော တိုင်းရင်းဆေးဝါးများ ပိုမိုရရှိသုံးစွဲနိုင်ရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရန်၊ ပုဂ္ဂလိက တိုင်းရင်းဆေးကုခန်းများ စည်းကမ်းနှင့်အညီ စနစ်တကျဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်၊ ဆေးဖက်ဝင်အပင်များ ထိန်းသိမ်းကာကွယ်ရေး နည်းလမ်းများကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းအားထုတ်ကြရန်နှင့် မြန်မာ့ဆေးဖက်ဝင်အပင်များ၏ ရုက္ခဗေဒအမျိုးအမည်များကို တိတိကျကျဖြစ်အောင် စံပြုသတ်မှတ် ဖော်ထုတ်ကြရန်ဟူသော အဆိုပြုချက်များကို အုပ်စုအလိုက်ဆွေးနွေးကြပြီး အဆိုပြုချက်များနှင့် ထောက်ခံချက်များ တင်သွင်းဆွေးနွေးကြသည်။

ယင်းနောက် အဆိုပြုချက်နှင့် ထောက်ခံချက်များကို ညှိနှိုင်းဆွေးနွေးကြပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးတွင် သဘာပတိ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မြင့် ရှင်းလင်းပြောကြားစဉ်။

(ကြေးမုံ)

YPGG ဂေါက်သီးရိုက် ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း(YPGG) ရန်ကုန်၏ (၃၈)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၁၃ ရက်(တနင်္လာနေ့) နံနက် ၆နာရီခွဲတွင် Royal Mingalardon Golf & Country (ရွှေ်ရယ်မင်္ဂလာဒုံဂေါက်ကွင်း) ၌ ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်ယှဉ်ပြိုင်ရန်နှင့် အသေးစိတ် သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈နှင့် ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၅-၁၂-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄	၃။	နိုင်ငံတော်သီချင်း
၁၁း၀၅	၄။	အဖွင့်သီချင်း
၁၁း၁၀	၅။	မျိုးချစ်တပ်မတော်
၁၁း၃၀	၆။	**ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၁၀)**
၁၂း၂၅	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အတိတ်၌ကျန်ရစ်ခဲ့သော အနာဂတ်**
၁၂း၃၀	၈။	ကျန်းမာသုတ
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၂၁)**
၂း၅၀	၁၀။	အပိတ်နှုတ်ဆက်စကား
၂း၅၅	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၂၀	၆။	ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄း၃၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၈။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၀	၉။	ကြွပ်ကြွပ်အိတ်အန္တရာယ်ဇာတ်လမ်းတို
၄း၄၅	၁၀။	အမျိုးသားရေးတေးကဗျာ
၄း၅၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	၁၂။	ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၀၀	၁၃။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၄။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၅။	ဘဝကြေးမုံ -သဒ္ဓါဖျက်ပိုး (ဦးအောင်လွင်၊ ဆုကဗျာ၊ အိမ့်ဖူးငယ်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၆။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိပ်မက်ကောင်းကင် (အပိုင်း-၉)**
၇း၅၀	၁၈။	စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦး အမှတ်တရကြေကွဲပုံရိပ်
၈း၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	အမျိုးသားရေးတေးကဗျာ
	၂၁။	နိုင်ငံတကာသတင်း
	၂၂။	မိုးလေဝသသတင်း
	၂၃။	ပဟေဠိနှန်းတော်
	၂၄။	ကျန်းမာသုတ
	၂၅။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၆။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကျွန်းအလှနှင့်ဘဝကဗျာ (အပိုင်း-၁၁)**
	၂၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၈)**
	၂၈။	သင့်အတွက်မနက်ဖြန်
	၂၉။	အပိတ်နှုတ်ဆက်စကား
	၃၀။	ပြီးပါပြီ။

လှူဒါန်း

ကွယ်လွန်သူ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ဦး(ငြိမ်း) (စာရေးဆရာ၊ ဒါရိုက်တာ တင်သန်းဦး) နှင့်ဇနီး ဒေါ်စန်းစန်းသူတို့အားရည်စူး၍ ညီမဖြစ်သူ ဒေါ်နွယ်နွယ်သန်းက ရွှေတိဂုံစေတီတော် လုံးတော်ပြည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းရန်အတွက် ငွေကျပ် ၇၅ သိန်းကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ရဲမှူးကြီးသိန်းလင်း(ငြိမ်း) လက်ခံရယူစဉ်။ (ကြေးမုံ)

စပိန်နိုင်ငံ မဒရစ်မြို့ လေဆိပ်တွင် လေကြောင်း ခရီးစဉ်များ ကမောက်ကမဖြစ်မှုကြောင့် သောင်တင်နေသော ခရီးသည်များကို ဒီဇင်ဘာ ၃ ရက်က တွေ့ရစဉ်။

လေကြောင်းထိန်းဝန်ထမ်းများလုပ်ငန်းခွင်မဝင်မှုကြောင့် ခရစ္စမတ်အကြိုခရီးစဉ်များ ကမောက်ကမဖြစ်

မဒရစ် ဒီဇင်ဘာ ၄ - စပိန်လေကြောင်းခရီးစဉ်များ ထိန်းချုပ်ရေးတာဝန်ရှိသူများသည် နာမကျန်းမှုကိုအကြောင်းပြ၍ လုပ်ငန်းရပ်စဲခဲ့ရာ စပိန်နိုင်ငံတစ်နိုင်ငံလုံး၏ လေကြောင်းခရီးစဉ်ထိန်းသိမ်းရေးကိစ္စအဝဝကို စပိန်စစ်ဘက်ကလွှဲပြောင်းတာဝန်ယူခဲ့ကြောင်း ဒီဇင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြသည်။

လေကြောင်း ထိန်းသိမ်းရေးတာဝန်ရှိသူများ လုပ်ငန်းရပ်ဆိုင်းခဲ့မှုကြောင့် ခရစ္စမတ်ကာလအားလပ်ရက် အကြိုနေ့များတွင် ခရီးသည် ထောင်ပေါင်းများစွာတို့ စပိန်နိုင်ငံတစ်ဝန်းရှိ လေဆိပ်များ၌ သောင်တင်နေကြောင်း သတင်းများတွင် ဖော်ပြသည်။

လေကြောင်းထိန်းသိမ်းရေးဝန်ထမ်းများ လုပ်ငန်းရပ်ဆိုင်းပြီး ခြောက်နာရီမျှအကြာတွင် စပိန်နိုင်ငံတစ်ဝန်း ခရီးသွားလာရေး လုပ်ငန်းများ ကမောက်ကမဖြစ်ခဲ့ရပြီး လေကြောင်းခရီးစဉ်ထိန်းသိမ်းမှုကိစ္စမှန်သမျှကို စစ်ဘက်ကတာဝန်ယူခဲ့ကြောင်း စပိန် လက်ထောက်ဝန်ကြီးချုပ် ပါရက်ဇ်ရူဘယ်လ်ကာဘာက ပြောကြားသည်။

လေကြောင်းခရီးစဉ်များ စနစ်တကျဖွဲ့စည်းခြင်း၊ စီမံခြင်း၊ ကြီးကြပ်ခြင်းနှင့် လေကြောင်းလိုင်းများ ထိန်းချုပ်မှုဆိုင်ရာ ကိစ္စအဝဝကို စပိန်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆုံးဖြတ်မည်ဖြစ်ကြောင်း ပါရက်ဇ်ရူဘယ်လ်ကာဘာက ဆိုသည်။

စပိန်လေဆိပ်များ လုပ်ငန်းဝန်ဆောင်မှုတွင် ပုဂ္ဂလိကလုပ်ငန်းရှင်များပါဝင်ရေးနှင့် မဒရစ်နှင့် ဘာစီလိုနာလေဆိပ် များကို ပုဂ္ဂလိကလုပ်ငန်းရှင်များလက်သို့ အပ်နှံရေးတို့ပါဝင်သော ချွေတာရေးဥပဒေတစ်ရပ်ကို စပိန်အစိုးရက ခွင့်ပြုခဲ့ခြင်းနှင့် လုပ်ငန်းခွင်အခြေအနေအရပ်ရပ်ကြောင့် လေကြောင်းလိုင်းထိန်းသိမ်းရေးဝန်ထမ်းများ ၎င်းတို့၏ တာဝန်များကို ရပ်ဆိုင်းခဲ့ကြကြောင်း သတင်းတွင် ဖော်ပြသည်။

အေပီ။

ပါလက်စတိုင်းနိုင်ငံတော်သစ် ဘရာဇီးက အသိအမှတ်ပြု

ဘရာဆီးလီးယား ဒီဇင်ဘာ ၄

၁၉၆၇ခုနှစ် နယ်စပ်မျဉ်းအတိုင်း ဖွဲ့စည်းတည်ထောင်သော ပါလက်စတိုင်းနိုင်ငံတော်ကို ဘရာဇီးနိုင်ငံက အသိအမှတ်ပြုကြောင်း ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်ဆီသို့ ဘရာဇီးသမ္မတ လူလာဒါဆေးလ်ဗားက ဒီဇင်ဘာ ၃ ရက် ရက်စွဲတပ်၍ ပေးပို့သောစာတွင် ဖော်ပြထားသည်။

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်က နိုဝင်ဘာ ၂၄ ရက်တွင် ပါလက်စတိုင်းနိုင်ငံတော်နှင့် ပတ်သက်၍ အသိအမှတ်ပြုရန် ပုဂ္ဂိုလ်ရေးအရ မေတ္တာရပ်ခံချက်ကို ဘရာဇီးသမ္မတက ယင်းကဲ့သို့ ပြန်လည်တုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်၏ တောင်းဆိုချက်သည် တရားမျှတပြီး ပါလက်စတိုင်းအရေးနှင့် ပတ်သက်၍ ဘရာဇီးနိုင်ငံ၏ ရပ်တည်မှုနှင့် ထပ်တူထပ်မျှကျခြင်းကြောင့် ၁၉၆၇ နယ်စပ်သတ်မှတ်ချက်အရ ဖွဲ့စည်းတည်ထောင်သော ပါလက်စတိုင်းနိုင်ငံတော်သစ်ကို ဘရာဇီးနိုင်ငံအနေဖြင့် အသိအမှတ်ပြုကြောင်း လူလာဒါဆေးလ်ဗား၏စာတွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်ဒေသ၊ အနောက်ဘက်ကမ်းဒေသ၊ အရှေ့ဂျေရုဆလင်နှင့် ၁၉၆၇ ခုနှစ် ခြောက်ရက်ကြာ အာရပ်-အစ္စရေး စစ်ပွဲအတွင်း အစ္စရေးတို့ သိမ်းပိုက်ထားခဲ့သော နယ်မြေအားလုံးအား စုစည်း၍ ပါလက်စတိုင်းနိုင်ငံတည်ထောင်ရေးကို နိုင်ငံတကာက အသိအမှတ်ပြုသည်။

သို့ရာတွင် အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံအစိုးရအများစုက ပါလက်စတိုင်းတို့အနေဖြင့် အစ္စရေးနိုင်ငံနှင့် ငြိမ်းချမ်းရေး သဘောတူညီချက်ကနဦးရရှိသင့်ကြောင်း ဆိုကာ ပါလက်စတိုင်းနိုင်ငံတော်သစ်ကို အသိအမှတ်ပြုရေးအား အချိန်ဆွဲခဲ့သည်။

အေအက်ဖ်ပီ။

မီဒီယာများ ပုဂ္ဂလိက ကိစ္စ ဝင်စွက်ဟု ဖိလစ်ပိုင်သမ္မတဆို

မနီလာ ဒီဇင်ဘာ ၄

ဖိလစ်ပိုင်သမ္မတ ဘင်နစ်နို အကွီနို-၃ က သတင်းစာဆရာများသည် ၎င်း၏ ချစ်ရေးချစ်ရာများကို အာရုံစိုက်နေခြင်းကြောင့် ပုဂ္ဂိုလ်ရေးအရ လွတ်လပ်ခွင့်ရလိုကြောင်း ဒီဇင်ဘာ ၃ ရက်က ထုတ်ဖော်ပြောကြားခဲ့သည်။

သမ္မတ ဘင်နစ်နို အကွီနို-၃ သည် ပြီးခဲ့သည့် အောက်တိုဘာလက ၎င်း၏ချစ်သူ ဆာလာနီဆိုလေဒတ်နှင့် လမ်းခွဲပြီးကတည်းက အမျိုးသမီးပေါင်းမြောက်မြားစွာနှင့် ပတ်သက်ဆက်နွှယ်မှုများ ရှိခဲ့သည်။

ယင်းကဲ့သို့ ချစ်ရေးချစ်ရာကိစ္စများတွင် ရှုပ်ထွေးခြင်းမှာ ဘင်နစ်နိုအကွီနို-၃ ၏ ဘဝနေထိုင်မှုပုံစံတစ်ရပ်ဖြစ်သည်။

ပြည်သူအကြားရေပန်းစားသော ဖိလစ်ပိုင်သမ္မတ ဘင်နစ်နို အကွီနို-၃ ၏ အချစ်ဇာတ်လမ်းအသစ်နှင့် ပတ်သက်၍ ဒီဇင်ဘာ ၃ ရက်နေ့ထုတ် ဖိလစ်ပိုင်သတင်းစာများတွင် အကျယ်တဝင့် ဖော်ပြထားသည်။

သတင်းစာများတွင် ပါဝင်မည်ကို အမျိုးသမီးများက ကြောက်ရွံ့နေခြင်းကြောင့် ယခုနှစ် ခရစ္စမတ်ပွဲတော်ကာလအားလပ်ရက်များအတွင်း မည်သူနှင့်မျှ ချိန်းဆိုခြင်းမပြုဘဲ တစ်ဦးတည်း ကျော်ဖြတ်မည်ဖြစ်ကြောင်း အသက် ၅၀ အရွယ်ရှိ အကွီနိုက ပြောကြားသည်။

တစ်နိုင်ငံလုံးက အာရုံစိုက်နေသူ နိုင်ငံခေါင်းဆောင်တစ်ဦးအနေဖြင့် အမျိုးသမီးတစ်ဦးအား လူပျိုလှည့်ရန် ခက်ခဲကြောင်း အကွီနိုက ပြောကြားသည်။

မိမိရည်မှန်းထားသော အမျိုးသမီးက မိမိကို ပစ်ခွာထွက်ပြေးခဲ့လျှင် မိမိ၏ အပြစ်သာဖြစ်ကြောင်း ဘင်နစ်နိုအကွီနို-၃ က သတင်းထောက်များနှင့် ပတ်သက်၍ ရယ်ပွဲဖွဲ့ ပြောကြားသည်။

အေပီ။

မက္ကဆီကို မူးယစ်ဂေါ်ရီ စွဲချက်များမှ တရားသေလွတ်မြောက်

မက္ကဆီကိုစီးတီး ဒီဇင်ဘာ ၄

အုပ်စုဖွဲ့ရာဇဝတ်မှု ကျူးလွန်ခြင်းများနှင့် အခြားစွဲချက်များဖြင့် တရားရင်ဆိုင်နေရသော နာမည်ကျော်မူးယစ်ဂေါ်ရီ စန်ဒရာ အေဗီလာဘဲလ်ထရန်းကို စွဲချက်များမှ တရားသေလွတ်မြောက်ကြောင်း မက္ကဆီကို တရားသူကြီးတစ်ဦးက ဒီဇင်ဘာ ၃ ရက်တွင် ကြေညာခဲ့သည်။

မူးယစ်ဆေးဝါးနှင့် ပတ်သက်ဆက်နွှယ်သည်ဟု ယူဆရသော တရားခံအများစုကို တရားစွဲဆိုခြင်းမပြုနိုင်သော မက္ကဆီကိုနိုင်ငံတွင် မူးယစ်ဂေါ်ရီ အေဗီလာဘဲလ်ထရန်းအား တရားသေပြန်လွှတ်ပေးခဲ့ရခြင်းသည် မက္ကဆီကိုနိုင်ငံ၏ တရားစီရင်ရေးစနစ် ချို့ယွင်းချက် တစ်ရပ်ဖြစ်သည်။

အဓိကခေါင်းဆောင်

မက္ကဆီကိုနိုင်ငံ၏ ဩဇာအာဏာအရှိဆုံး မူးယစ်ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည့် ဆီနာလိုအာ မူးယစ်ဂိုဏ်း၏ အဓိကခေါင်းဆောင်တစ်ဦးအဖြစ် အမေရိကန်နှင့် မက္ကဆီကို တာဝန်ရှိသူများက သတ်မှတ်ထားသော မူးယစ်ဂေါ်ရီ စန်ဒရာ အေဗီလာဘဲလ်ထရန်းကို တရားစွဲဆိုရန် သက်သေအထောက်အထား အခိုင်အမာမရှိကြောင်း မက္ကဆီကို တရားသူကြီးတစ်ဦးက ပြောကြားသည်။

"ပစိဖိတ်ဘုရင်မ" ဟုလည်း နာမည်ကြီးသူ စန်ဒရာအေဗီလာဘဲလ်ထရန်းကို အုပ်စုဖွဲ့ ရာဇဝတ်မှုများ ကျူးလွန်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရန် ကြံစည်မှု၊ ငွေကြေးခဝါချမှုများဖြင့် မက္ကဆီကို အာဏာပိုင်များက တရားစွဲဆိုခဲ့သည်။

စီရင်ချက်

မက္ကဆီကိုစီးတီးမြို့ အကျဉ်းထောင်ထဲတွင်ရှိနေဆဲ အေဗီလာဘဲလ်ထရန်းသည် ကျန်ပြစ်မှုငယ်များဖြင့် သက်ဆိုင်သည့် စွဲချက်များကို ရင်ဆိုင်ရဖွယ်ရှိ၊ မရှိနှင့် မက္ကဆီကို တရားရုံး၏ သောကြာနေ့ စီရင်ချက်သည် ၎င်းအား အမေရိကန်ပြည်ထောင်စုသို့ လွှဲပြောင်းတရားစီရင်ရေးဖြစ်စဉ်ကို ထိခိုက်မှုရှိ၊ မရှိကို မသိရသေးပေ။

အေပီ။

အစ္စရေးအခြေစိုက် အိမ်ရာများ တည်ဆောက်မှုဆိုင်းငံ့ရေး အမေရိကန်ပြည်ထောင်စု၏ ကြိုးပမ်းမှု မအောင်မြင်

ရာမာလာ ဒီဇင်ဘာ ၄

အစ္စရေးနိုင်ငံ၏ အခြေစိုက်အိမ်ရာများတည်ဆောက်မှု ဆိုင်းငံ့ကာလတစ်ရပ်ကို အကောင်အထည်ဖော်ရန် အမေရိကန်နိုင်ငံအနေဖြင့် လုပ်ဆောင်နိုင်ခဲ့ခြင်းမရှိခဲ့ကြောင်း ပါလက်စတိုင်းတာဝန်ရှိသူတစ်ဦးက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်ရေး ရပ်ဆိုင်းရန် အစ္စရေးအစိုးရအဖွဲ့အနေဖြင့် သဘောတူညီမှုမရှိခဲ့ကြောင်း အမေရိကန်အစိုးရအဖွဲ့က ပါလက်စတိုင်းတာဝန်ရှိသူများထံ အကြောင်းကြားခဲ့သည်ဟု ဆိုသည်။

အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်၍ အစ္စရေး၊ ပါလက်စတိုင်းနှစ်ဖက်စလုံးနှင့် ဆွေးနွေးမှုများ ပြုလုပ်နေဆဲဖြစ်ပြီး ဆက်လက်၍လည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် အမေရိကန်ကောင်စစ်ဝန်ချုပ် ရူဘင်စတိန်းတို့သည် ရာမာလာမြို့၌ ဆွေးနွေးမှုများပြု လုပ်ခဲ့သော်လည်း ပြတ်သားသည့်အဖြေမရရှိခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အစ္စရေးနှင့် အမေရိကန်တာဝန်ရှိသူများအကြား အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးနှင့် ပတ်သက်၍ ဆွေးနွေးရာတွင် ရရှိခဲ့သောရလဒ်များအား ပါလက်စတိုင်းတာဝန်ရှိသူများထံ အကြောင်း ပြန်ကြားသေးခြင်း မရှိကြောင်း ပါလက်စတိုင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရေးအတွက် အမေရိကန်ပြည်ထောင်စုနှင့် အနီးကပ် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း အစ္စရေးဝန်ကြီးချုပ်ရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အနာဂတ်ပါလက်စတိုင်း နိုင်ငံတော်အတွင်း ထည့်သွင်းမည့် နယ်မြေဖြစ်သည့် အနောက်ဘက်ကမ်းဒေသ၌ အစ္စရေးအခြေစိုက် အိမ်ရာများ တည်ဆောက်မှု မရပ်နားသရွေ့ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး ဆွေးနွေးပွဲသို့ တက်ရောက်မည်မဟုတ်ကြောင်း ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောကြားပြီးဖြစ်သည်။

အေအက်ဖ်ပီ။

၁၉၆၇ခုနှစ် အာရပ်-အစ္စရေး စစ်ပွဲကာလအတွင်း အစ္စရေးနိုင်ငံက သိမ်းပိုက်ထားသော အနောက်ဘက်ကမ်းဒေသမှ ဆောက်လုပ်ဆဲ ဂျူးအိမ်ရာများ။



စကြဝဠာအတွင်းရှိ ကြယ်စင်အရေအတွက် ထင်သည်ထက် သုံးဆများပြား

ဝါရှင်တန် ဒီဇင်ဘာ ၄ - စကြဝဠာအတွင်းရှိ အနီရောင်ကြယ်သေကြီးများသည် နက္ခတ္တဗေဒပညာရှင်များ ယခင်က ခန့်မှန်းထားသည်ထက် ပိုမိုများပြားကြောင်း သိပ္ပံပညာရှင်များက ဒီဇင်ဘာ ၁ ရက်တွင် ပြောကြားသည်။

အနီရောင် ကြယ်သေကြီးများသည် မဟာစကြဝဠာအတွင်းရှိ ကြယ်စင်များ၏ ၈၀ ရာခိုင်နှုန်းရှိပြီး ယင်းကြယ်သေကြီးများကို ထည့်သွင်းရေတွက်ပါက စကြဝဠာအတွင်းရှိ ကြယ်စင်များ အရေအတွက်သည် ယခင်ခန့်မှန်းထားသည်ထက် သုံးဆမျှမြင့်တက်လာမည်ဖြစ်ကြောင်း သိပ္ပံပညာရှင်များ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

နေစကြဝဠာပြင်ပမှ ဘဲဥပုံရစ်ခွေနေသော ကြယ်စင်စုများ (ဂလက်ဆီ) များထံမှလာသည့် အလင်းရောင်များကို လေ့လာဆန်းစစ်ရာမှ အစပြု၍ မဟာစကြဝဠာအတွင်း အနီရောင် ကြယ်သေကြီးများဖြင့် ပြည့်နှက်နေကြောင်း သိပ္ပံပညာရှင်များက တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သိပ္ပံပညာရှင်များ၏ အဆိုအရ မဟာစကြဝဠာကြီးထဲ၌ လက်ရှိတည်ရှိနေသော ကြယ်စင်အရေအတွက်မှာ အသက်ရှူမှားလောက်ဖွယ်ဖြစ်ကြောင်း သိရသည်။ နောက်ဆုံးထွက်ပေါ်ခဲ့သော လေ့လာချက်အရ မဟာစကြဝဠာကြီးထဲတွင် ကြယ်စင်အရေအတွက် ၃၀၀ ဆက်တီလီယံ (၃၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀၀)ရှိသည်ဟု ဆိုသည်။ အဆိုပါ ဂဏန်းသင်္ချာပမာဏသည် ယခင်က သိပ္ပံပညာရှင်များ ခန့်မှန်းထားသည့် ကြယ်စင်အရေအတွက်ထက် သုံးဆပိုများကြောင်း သိရသည်။ အနီရောင်ကြယ်သေကြီးများတည်ရှိရာ ဘဲဥပုံရစ်ခွေနေသော ကြယ်စင်စုများသည် မဟာစကြဝဠာအတွင်းရှိ ကြယ်စင်စုအားလုံး၏ သုံးပုံတစ်ပုံမျှ ရှိသည်ဟုဆိုသည်။

အေအက်ဖ်ပီ။

❍ ကျောဖုံးမှ

စုပေါင်းလမ်းလျှောက်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရ ဦးအေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ကျန်းမာရေး လေ့လာလိုက်စားကြသူ ပြည်သူလူထုများ စုစုပေါင်း အင်အား ၁၂၀၀၀ ကျော် ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ဝန်ကြီးဌာနများမှ ဝန်ထမ်းများသည် လမ်းလျှောက်ပွဲ တာလွှတ်ကျင်းပမည့် နေရာ၌ အသီးသီးနေရာယူကြပြီး နံနက် ၆ နာရီတွင် အားကစားဝန်ကြီးဌာန ဝန်ကြီးနှင့် တာဝန်ရှိသူများ ဦးဆောင်၍ စတင်တာထွက် လမ်းလျှောက်ကြကာ တောင်ညို - ပျဉ်းမနားလမ်းအတိုင်း သပြေကုန်းအဝိုင်း၊ သပြေကုန်းအဝိုင်းမှ တစ်ဆင့် ရာဇသင်္ဂဟလမ်းအတိုင်း ကျောက်မျက်ရတနာပြတိုက်ရှေ့၌ ပန်းဝင်ကြရာ လမ်းလျှောက်ပွဲ ဆင်နွှဲကြသူများအား အမရာဟိုတယ်မှ စမူဆာနှင့် ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။

ယင်းနောက် လမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲကြသူများသည် ကျောက်မျက်ရတနာပြတိုက်ရှေ့၌ ဝန်ကြီးဌာနအလိုက် တန်းစီကာ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း အတွဲအမှတ်(၁)နှင့်(၂)တို့ကို တပျော်တပါး ပါဝင်လှုပ်ရှားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့နယ်များ၌လည်း လူထုလမ်းလျှောက်ပွဲများကို ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးရှိ ကျိုက္ကဆံကွင်းစုရပ်၊ အောင်ဆန်းအားကစားပြိုင်ကွင်းစုရပ်နှင့် လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) စုရပ်တို့၌ စုစုပေါင်း အင်အား ၂၀၄၄၈ ဦးတို့ ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

✻ အညာမြေမှ

ကတ္တရာလမ်းရှိလာတော့ ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေနဲ့ သွားနေကြပြီ” ဟု ပြောကြားသည်။

ဘန်စီကျေးရွာအနီးရှိ ရွှေမြင်တင်တောင်သည်ကား တောရိပ်တောင်ရိပ်တို့ဖြင့် သာယာလှပနေသည်။ တောင်ခြေရှိ ကြာကန်ကြီးတွင်လည်း ရေကအပြည့်။ မကြာမီက မိုးရွာထားဟန်တူသည်။ ထို့နောက် ကြီးအုပ်ကျေးရွာကို ဖြတ်၍ ဗောဓိတစ်ထောင် သာသနာ့နယ်မြေသို့ ရောက်သောအခါတွင်ကား လေးကျွန်းစကြာ ရုပ်တော်မူရုပ်ပွားတော်ကြီး ရင်ပြင်မှ ဝန်းကျင်အခြေအနေကို လှမ်းမျှော်ကြည့်မိသည်။ တောင်ဘက်တွင် ရွှေမြင်တင်တောင်၊ မြောက်ဘက်တွင် ကျောက္ကာတောင်တို့ရှိသည်။ တောင်ကုန်းတောင်တန်းအားလုံးပင် မြစိမ်းရောင်သန်းလျက်ရှိပေပြီ။ ယခင်က ပြောင်တလင်းဖြစ်နေခဲ့သော ဒေသတစ်ဝိုက်တွင် အပင်ပျိုတို့ဖြင့် စိမ်းလန်းဝေဖြာလျက်ရှိသည်ကို တွေ့ရသည်။ ရုပ်တော်မူရုပ်ပွားတော်ကြီး ဝန်းကျင်တွင်လည်း သစ်ပင်ပန်းပင်တို့ဖြင့် ဥယျာဉ်သဖွယ် လှပတင့်တယ်လျက်ရှိသည်။

ထို့နောက် သာသနာ့နယ်မြေအတွင်းရှိ သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိခဲ့သည်။ စိုက်ပျိုးရန် အသင့်ဖြစ်နေသော ပျိုးပင်များမှာ ဥယျာဉ်နှင့်အပြည့်။

သစ်ပင်စိုက်ပျိုးခဲ့မှု အခြေအနေကို သိရှိလို၍ မေးမြန်းကြည့်ရာ မုံရွာခရိုင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက “ ဒီနှစ်မိုးရာသီမှာ စိုက်ဖို့လျာထားတဲ့ ရုပ်တော်မူရုပ်ပွားတော်ကြီးရှေ့ လက်ယာဘက်ခြမ်းမှာ ကွက်လပ်ဖြည့် အပင်ရေ ၇၀၀၀၊ ကွန်တိုဘောင် ၁၀၀၊ ရုပ်ပွားတော်ကြီး နောက်ကျောမှာရှိတဲ့ သစ်တောစိုက်ခင်းဧက ၂၀၀ မှာ ယူကလစ် အပင်ရေ ၄၀၀၀၀၊ သစ်ပင်စုစုပေါင်း ၄၇၀၀၀ ကို စိုက်ပျိုးပြီးပါပြီ” ဟု ရှင်းလင်းပြောကြားသည်။ ဗောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင်ဒေသသည်ကား ရွှေမင်းဝံတောင်တန်းကြီးတွင် ပါဝင်သော တောင်ကုန်း တောင်တန်းဒေသဖြစ်သည်။ တောင်တန်း၊ ဆင်ခြေလျှော၊ လျှိုမြောင်နှင့် ချောင်းငယ်များသာရှိပြီး မြေအနိမ့်အမြင့် ညီညာမှုမရှိပေ။ မုံရွာခရိုင် မုံရွာမြို့နယ်နှင့် ချောင်းဦးမြို့နယ်အတွင်းတည်ရှိသည်။ ယင်းဒေသရှိ နိဗ္ဗာန်ဝ၊ ဘန်စီ၊ ကြီးအုပ်၊ လှည်းဒါး၊ မြိုင်စီ၊ ခတက္ကန်တောင်၊ ခတက္ကန်မြောက်၊ တောင်မာတော၊ ကျောက္ကာတောင်၊ ကျောက္ကာမြောက်၊ နွယ်ခွေစသည့် ကျေးရွာများသို့ ငယ်စဉ်က လှည်းဖြင့် တစ်မျိုး၊ စက်ဘီးဖြင့်တစ်ဖုံ၊ ခြေကျင်တစ်နည်းဖြင့် အခေါက်ပေါင်းများစွာ သွားရောက်ခဲ့ဖူးသည်။

အဆိုပါဗောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင်ဒေသကို ဗောဓိတစ်ထောင် သဘာဝကြိုးဝိုင်းတောအဖြစ် နိုင်ငံတော်က သတ်မှတ်ခဲ့ပြီး စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။ ဉာဏ်တော် အမြင့် ၄၂၄ ပေရှိ ကမ္ဘာ့အမြင့်ဆုံး ဗောဓိတစ်ထောင် လေးကျွန်းစကြာ ရုပ်တော်မူရုပ်ပွားတော်ကြီး ပတ်ဝန်းကျင်နယ်မြေအား ဥယျာဉ်သဖွယ် သာယာလှပတင့်တယ်စေရန်နှင့် ဗောဓိတစ်ထောင် ဒေသ အမြဲစိမ်းလန်းစိုပြည်နေစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။ သဘာဝကြိုးဝိုင်းတောမှာ ဧရိယာအားဖြင့် မုံရွာမြို့နယ်တွင် ၁၄၀၂၀ ဧကနှင့် ချောင်းဦးမြို့နယ်တွင် ဧက ၃၉၀၀ စုစုပေါင်း ၁၇၉၂၀ ဧက ရှိသည်။ မြောက်မှတောင်သို့ ခုနစ်မိုင်ရှည်လျားပြီးအရှေ့မှအနောက်သို့ သုံးမိုင်ရှည်လျားသည်။ အမြင့်ဆုံးတောင်မှာ ၁၂၆၂ ပေ မြင့်မားသည့် ကျောက္ကာတောင်ဖြစ်သည်။

စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်ရာတွင် လုပ်ငန်းများ စနစ်တကျစီစဉ်ဆောင်ရွက်နိုင်ရန်အတွက် ပင်မနယ်မြေ၊ အတွင်းနယ်မြေနှင့် ပြင်ပနယ်မြေဟူ၍ အပိုင်းသုံးပိုင်းခွဲကာ ဆောင်ရွက်လျက်ရှိသည်။ ရုပ်ပွားတော်ကြီး ဝန်းကျင်ရှိ မြေဧရိယာစုစုပေါင်း ဧက ၉၀၀၀ အနက် သစ်တောဦးစီးဌာနက ရုပ်ပွားတော်ကြီး၏ လက်ဝဲဘက်ခြမ်းနှင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက လက်ယာဘက်ခြမ်းတို့တွင် ဧက ၄၅၀၀ စီတာဝန်ခွဲဝေယူကာ ဆောင်ရွက်ခဲ့သည်။ ထို့အပြင် ဗောဓိတစ်ထောင်သာသနာ့နယ်မြေသို့ သွားရာလမ်းများဖြစ်သည့် မုံရွေး-ဗောဓိတစ်ထောင်လမ်းနှင့် မြေနဲ - ဗောဓိတစ်ထောင်လမ်းတို့၏ စိမ်းလန်းစိုပြည်သာယာလှပရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စိုက်ပျိုးရာတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း၊ ကွန်တိုလိုင်းစိုက်ပျိုးခြင်း၊ ငါးနှစ်သားအထက် အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးခြင်းနှင့် ဖြည့်စွက်စိုက်ပျိုးခြင်း စသည့် စိုက်ပျိုးနိုင်သည့် နည်းလမ်းမျိုးစုံတို့ဖြင့် စိုက်ပျိုးခဲ့ကြောင်း ဦးမောင်မောင်စိုးက ရှင်းပြသည်။

အမှန်တကယ်မူ အဆိုပါဒေသမှာ ရှေးယခင်ကာလများက သစ်ပင်ပန်းမန်များဖြင့် စိမ်းလန်းဝေဆာနေခဲ့သော ဘေးမဲ့တောကြီးတစ်ခုဖြစ်ခဲ့သည်။ ကုန်းဘောင်ခေတ် ဘကြီးတော်မင်းသည် မြန်မာသက္ကရာဇ် ၁၁၈၈ ခုနှစ် တပေါင်းလဆန်း ၈ ရက်တွင် အင်းဝမြို့၌ နန်းတက်သည်။ ထိုနေ့တွင်ပင် ကြေးမုံရွာဇာတိ မုံရွေးဆရာတော် အရိယာဝံသ အာဒိစ္စရံသီနှင့် မုံရွေးနွားထိန်းရွာသား ရွှေတိုက်အတွင်းဝန်မင်းကြီး မဟာသက်တော်ရှည်တို့က ရွှေမြင်တင်တောကြီးကို “အဘယဇီဝိတဒါန ဘေးမဲ့တောကြီး” အဖြစ် အလှူခံခဲ့ကြသည်။ ရွှေမြင်တင်တောင်ရှိ လက်ယာစွယ်ရှင်အတုလရန်အောင်မြင် ဗုဒ္ဓရုပ်ပွားတော် ပန်းတင်ခုံခြေရင်းမှ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ၌ တာ (၁၀၀၀)စီ အတွင်းရှိ တောကြီးကို ကျောက်တိုင်များစိုက်ထူ၍ ဘေးမဲ့တောအဖြစ် ဘကြီးတော်မင်းက ပြဋ္ဌာန်းသတ်မှတ်ပေးခဲ့သည်။ ဗောဓိတစ်ထောင် သဘာဝကြိုးဝိုင်း၏ အစိတ်အပိုင်းအများစုသည် အဆိုပါဘေးမဲ့တောကြီး ဧရိယာတွင် ပါဝင်ခဲ့ပေလိမ့်မည်။ ၁၉ ရာစုထက်ဝက်ကျော်ကာလအထိ ယင်းဘေးမဲ့တောတွင် ဆင်၊ ကျား၊ သမင်၊ ဒရယ်၊ ချေ၊ စိုင်၊ ဆတ်၊ ယုန် စသည့် တောတိရစ္ဆာန်များ နေထိုင်ကျက်စားခဲ့ကြကြောင်း ဒေသခံများက ပြောစမှတ်ပြုကြသည်။ ဤဒေသသည်ကား သဘာဝတောရိုင်းတိရစ္ဆာန်များ၊ ကျေးငှက်သာရကာများ မြူးထူးကျက်စားရာ ဣသိပတန မိဂဒါဝုန်တောပမာ ဖြစ်ခဲ့ပေမည်။

သို့သော် နှစ်ပရိစ္ဆေဒကြာမြင့်လာသည်နှင့်အမျှ လူဦးရေတိုးပွားလာခြင်း၊ လူနေအိမ်ခြေများပြားလာခြင်း၊ စိုက်ခင်းများထူထောင်ခြင်း၊ သစ်ခုတ်၊ ထင်းခုတ်ခြင်း၊ သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးထူထောင်မှုမရှိခဲ့ခြင်း စသည်တို့ကြောင့် တောများပြုန်းတီးကာ တောတိရစ္ဆာန်များလည်း ရှားပါးလာခဲ့သည်။ သစ်တောသစ်ပင်မရှိသည့် လွင်တီးခေါင်ပြင်ဖြစ်လာသည်။ ကန္တာရပမာ ပူပြင်းခြောက်သွေ့လာခဲ့သည်။ သစ်ပင်မရှိ၍ မိုးမရွာ၊ မိုးမရွာ၍ သစ်ပင်မရှင်သန် မပေါက်ရောက်ဟူသည့် သံသရာတွင်သာ တဝဲလည်လည်လှည့်နေခဲ့သည်။

၁၉၇၀ ခုနှစ်တွင်မူ ဧက ၁၇၉၂၀ ရှိ ယင်းဒေသအား နိုင်ငံတော်က ဗောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင် ကာကွယ်တောအဖြစ် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းနောက် သစ်တောဦးစီးဌာနက သစ်တောစိုက်ခင်းများ ထူထောင်ခဲ့ရာ ၁၉၉၈ ခုနှစ်အထိ ကျေးရွာသုံး ထင်းစိုက်ခင်းနှင့် ရေဝေရေလဲစိုက်ခင်းများကို မုံရွာမြို့နယ်၌ ဧက ၄၉၄၀၊ ချောင်းဦးမြို့နယ်၌ ဧက ၁၀၀ စုစုပေါင်း ဧက ၅၀၄၀ တည်ထောင်စိုက်ပျိုးခဲ့သည်။

၂၀၀၈ ခုနှစ် မတ်လတွင်မူ နိုင်ငံတော်က ဗောဓိတစ်ထောင်သဘာဝ ကြိုးဝိုင်းတောအဖြစ် ပြောင်းလဲဖွဲ့စည်း တည်ထောင်ခဲ့ပြီး အထူးစိမ်းလန်းစိုပြည်ရေး စီမံချက်ဖြင့် ဆောင်ရွက်ခဲ့ရာ သစ်တောစိုက်ခင်းဧက ၅၇၅၀ နှင့် သဘာဝတောထိန်းသိမ်းပြီး ဧရိယာဧက ၆၇၅၀ အထိ တိုးတက်ဖြစ်ထွန်းလာခဲ့သည်။ သဘာဝကြိုးဝိုင်းတောအတွင်း ကျေးရွာမြေ၊ ယာမြေနှင့် သာသနာ့မြေများမှာ ၄၂၃၅ ဧကရှိပြီး ကျန် ၁၁၈၅ ဧကမှာ မတ်စောက်သော တောင်များ၊ ကျောက်သားထူထပ်ပြီး စိုက်ပျိုးရန် ခက်ခဲသောနေရာများဖြစ်သည်။ သစ်တောစိုက်ခင်းများကို အရှိန်အဟုန်ဖြင့် စိုက်ပျိုးထူထောင်ခဲ့မှု၊ သဘာဝပေါက်ပင်များအကြား ကွက်လပ်ဖြည့် စိုက်ပျိုးခဲ့မှုတို့ကြောင့် ယခင်က တောင်ကတုံးကို ယခုသျှောင်ထုံးပေးနိုင်ခဲ့ပေပြီ။ အထူးသဖြင့် ရုပ်တော်မူရုပ်ပွားတော်ကြီးဝန်းကျင် အထူးစိမ်းလန်းစိုပြည်ရေးကို အဓိကထားဆောင်ရွက်ခဲ့ရာ ယခုအခါ သစ်ပင်ပန်းမန်များ၊ တောအုပ်များဖြင့် စိမ်းစိုသာယာလျက်ရှိပေပြီ။ ခြုံ၍ဆိုရလျှင် ဗောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင် ဒေသသည်ကား အညာမြေက အိုအေစစ်တစ်ခုသဖွယ်ဖြစ်တည်လာနေပြီဖြစ်ပေသည်။ ။

ဗောဓိတစ်ထောင် ရုပ်တော်မူရုပ်ပွားတော်ကြီးဝန်းကျင် စိမ်းလန်းစိုပြည်နေမှုကို တွေ့ရစဉ်။

မုံရွေး-ဗောဓိတစ်ထောင်ကားလမ်းဘေး ဝဲ၊ ယာတွင် ကျွန်းပင်များ စိုက်ပျိုးထားစဉ်။

ဗောဓိတစ်ထောင် သစ်တောပျိုးဥယျာဉ်ကို တွေ့ရစဉ်။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၇) ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၄

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၇)၌ ဂျီအက်စ်အမ်ဖုန်း ငါးသိန်းနှင့်ရတော့မည် သတင်းနှင့်အတူ ရန်ကုန်-ကွာလာလမ်ပူ-ပို့ဘလဲယား ခရီးစဉ်တိုးချဲ့ပျံသန်းရန်စီစဉ်၊ ထားဝယ် ရေနက်ဆိပ်ကမ်းစီမံကိန်းကြောင့် မြန်မာလုပ်သားအများအပြားအလုပ်အကိုင်များ ရရှိလာမည်၊ တရုတ်နည်းပညာသုံး ဆိုင်ကယ်စီးရေတစ်သောင်းကျော် ပြည်တွင်းဈေးကွက်အတွင်း ထုတ်လုပ်သွားမည်၊ ပိတောက်ချောင်းမှတ်တိုင်တွင် ယာဉ်သုံးစီးတိုက်၊ နိုင်ငံတော်အလံသစ်အကြောင်း ဒုတိယတန်းတွင်သင်ကြားမည်၊ ခုတင်(၅၀၀)ဆံ့ ကလေးဆေးရုံသစ်လာမည့် နှစ်ဆန်းတွင်ဖွင့်မည်၊ ပြောင်းလဲလာသော ရာသီဥတုကြောင့် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များ ပိုမိုခံစားရနိုင်၊ ၂၀၁၁ မတ်လတွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲအချိန်စာရင်းကို မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပြန်၊ လေယာဉ်လက်မှတ်ပွဲစား ပပျောက်ရေးစီမံချက်စတင်မည်၊ ထိုင်းတွင် ပညာသင်မည်ဆိုလျှင်၊ မိတ္ထီလာမြို့နယ် ရှေးဟောင်းအုတ်ကျောင်းကြီး လွန်ခဲ့သောအနှစ် ၂၅၀၀ ကျော်က တက္ကသီလာ၊ လူငယ်တို့၏ အနာဂတ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယား နိုင်ငံရေးပါတီများနှင့် တွေ့ဆုံခဲ့၊ Political Talk ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ ထွက်ရှိလာပြီဖြစ်သည်။

“အမေရိကန်နဲ့ ဂျပန်တို့ကသာ နျူကလီးယားလက်နက်ရဲ့ ထိတ်လန့်စရာကောင်းပုံကို ပိုမိုနားလည်သဘောပေါက်ခဲ့ကြတယ်” အမေရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားနှင့် The Yomiuri Shimbun တို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ Wikileaks မှတ်တမ်းက အီတလီနိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်၊ ကုလသမဂ္ဂအဆင့်မြင့် သံတမန်တို့ကို လျှို့ဝှက်ထောက်လှမ်းရန် အမေရိကန်သံတမန်တို့အား ဟီလာရီကလင်တန်က ညွှန်ကြား၊ နစ်မြုပ်နေသော ရှေးဟောင်းသင်္ဘော တရုတ်တွင်တွေ့ရှိ၊ အိန္ဒိယတွင် ၂၀၁၈ ခုနှစ်၌ မြို့သစ်ခုနစ်မြို့ တည်ဆောက်ရေးစီမံကိန်း အကောင်အထည်ပေါ်လာဖွယ်ရှိ၊ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းကြောင့် နှစ်စဉ်လူခြောက်သိန်းသေဆုံးနေ၊ စနေဂြိုဟ်၏ လတွင်အောက်ဆီဂျင်ကို ရှာဖွေတွေ့စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး ဖျော်ဖြေရေး ကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ပညာသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အရင်းအမြစ်ဖြစ် (ကျောင်းအလှူရှင်တစ်ဦးနှင့် တွေ့ဆုံခြင်း)

တွေ့ဆုံမေးမြန်း-
ပေထွက်းဇော်(ရေစကြို)
မှတ်တမ်းဓာတ်ပုံ-ပေထွက်းလူ

ပညာသည်သာ ဘဝအတွက် မီးရှူးတန်ဆောင်၊ ပညာသည်သာ အရာရာတွင် ဦးစီးဦးဆောင်၊ ပညာသည်သာ အောင်မြင်မှု၏ အမှုဆောင် ဆိုသကဲ့သို့ ပညာ၏အကျိုးကျေးဇူးများနှင့် ပညာ၏တန်ဖိုးများကိုသိရှိနားလည်ခဲ့သော ဦးသန့်စင်-ဒေါ်အေးအေး(ခ) ဒေါ်သန်းသန်းအေး မိသားစုက ရေစကြိုမြို့နယ် သူဌေးကုန်းကျေးရွာတွင် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည် ဖွံ့ဖြိုးတိုးတက်မြင့်လာစေလိုသောဆန္ဒဖြင့် စာသင်ကျောင်းဆောက်လုပ်လှူဒါန်းမှုမှ ပေါ်ထွက်လာသော ရင်တွင်းခံစားချက်များကို ဖော်ပြလိုက်ပါသည်။

"ကျွန်တော်တို့ကျေးရွာကို ဖွံ့ဖြိုးတိုးတက်စေချင်လို့ ယခုလိုကျောင်းဆောက်လုပ်လှူဒါန်းရခြင်း ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်ကိုယ်တိုင် ငယ်ရွယ်စဉ်က ပညာကို ဆုံးခန်းတိုင်အောင် မသင်ယူခဲ့ရလို့ ကျွန်တော့်ဘဝမှာ ထင်တိုင်း မပေါက်ဖြစ်ခဲ့ရတဲ့ဘဝအတွက် ပါရမီဖြည့်ပေးတာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အထက်တန်းအဆင့် ပညာရေး၊ အသိအတွေးနဲ့ စီးပွားရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့တဲ့နေရာမှာ အချိုးအကွေ့ပေါင်းများစွာ၊ အခက်အခဲပေါင်းများစွာကို ရင်ဆိုင်ကြုံတွေ့ကျော်လွှားဖြတ်သန်းခဲ့ရပါတယ်။ အကယ်၍သာ အခြေခံပညာကျော်လွန်ပြီး ကျွန်တော်ဖြစ်ချင်တဲ့ အင်ဂျင်နီယာဘွဲ့အထိ ပညာသင်နိုင်ခဲ့မယ်ဆိုရင် ကျွန်တော့်ဘဝဟာ ယခုထက် ချမ်းသာမှာ ဖြစ်သလို ယခုထက်လည်း နိုင်ငံအကျိုး၊ ဒေသအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရွာရဲ့ မျိုးဆက်သစ်တွေ ခေတ်ပညာတတ်တွေဖြစ်စေဖို့နဲ့ မွေးရပ်မြေကို ကျေးဇူးဆပ်သောအားဖြင့် ဒီကျောင်းကို ဆောက်လုပ်လှူဒါန်းရတာဖြစ်ပါတယ်။ ပညာရဲ့တန်ဖိုးကို လက်ရှိရွာရဲ့ အခြေအနေကို လေ့လာခြင်းဖြင့် သိနိုင်ပါတယ်။ ဥပမာတစ်ခုအနေနဲ့ ပြောရရင် ကျွန်တော်တို့ရွာသားတွေ ဒီနှစ် ပဲတီစိမ်း စိုက်သူတွေ အများကြီးပါပဲ။ စိုက်တဲ့လူချင်း အတူတူ၊ စိုက်ပျိုးချိန်လည်း အတူတူ၊ စိုက်ပျိုးကြတာလည်း အတူတူပေမယ့် အထွက်နှုန်းက မတူကြပါဘူး။ ဘာကြောင့်လဲလို့ အဖြေရှာကြည့်တဲ့အခါ ပညာလိုလားတဲ့ ပုဂ္ဂိုလ်တွေက စာအုပ်စာပေတွေလေ့လာ၊ မြို့ကိုရောက်အောင်သွား၊ စိုက်ပျိုးရေးပညာရှင်များနဲ့ဆွေးနွေး၊ နည်းပညာတိုးတက်လာမှုနှင့်အတူ မြေသြဇာအားဆေးအမျိုးမျိုးကို နည်းစနစ်မှန်မှန် စိုက်ပျိုးအသုံးပြုကြသူတွေနဲ့ ဗဟုသုတကလည်းနည်း၊ အတွေ့အကြုံကလည်း မရှိတဲ့သူတွေရဲ့ စိုက်ပျိုးတာနဲ့ ယှဉ်တဲ့အခါ အထွက်နှုန်းဟာ ကွာခြားချင်တိုင်း ကွာခြားခဲ့ရပါတယ်။ ဒါဟာ ပညာအခြေခံအားနည်းခဲ့ရခြင်းကြောင့် ဖြစ်ပါတယ်။ ဒီနေရာမှာ အောင်မြင်နေတဲ့သူကလည်း မအောင်မြင်တဲ့သူကို ဖေးကူပေးကြ။ တစ်ရွာတည်းသား အချင်းချင်း စည်းလုံးကြ၊ ညီညွတ်ကြဖို့ လိုပါတယ်။

ကျွန်တော်ဆိုရင် ကိုယ်ခြေ ကိုယ့်လက်နဲ့ မြို့ကိုတက်သွားခဲ့တာပါ။ အလုပ်မျိုးစုံအောင် လုပ်ခဲ့ပါတယ်။ အတန်းပညာကို ဆုံးခန်းတိုင် မသင်ခဲ့ရပေမယ့် စာအုပ်စာပေတွေကို ဖတ်မှတ်လေ့လာတယ်။ အဲဒီလိုစာအုပ်စာပေတွေကို လေ့လာမှတ်သားခဲ့ရတဲ့ အသိနဲ့ မိမိလက်တွေ့ဘဝ အသိနဲ့ ပေါင်းစပ်လိုက်တဲ့အခါ ကောင်းမြတ်တဲ့အကျိုးကို ရရှိခဲ့ပါတယ်။ ယခုဆိုရင် ကျွန်တော့်ရဲ့ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်းဟာ အတိုင်းအတာတစ်ခုအထိ အောင်မြင်နေပါပြီ။ ဒါဟာ ပညာကို လေ့လာခဲ့ရခြင်း အကျိုးပါပဲ။ ယခုလို အောင်မြင်တဲ့ စီးပွားရေးလုပ်ငန်းရှင် ဖြစ်လာပြန်တော့ ကျွန်တော် ဘာလုပ်ရမလဲဆိုတာ စဉ်းစားမိပါတယ်။ ကျွန်တော်ဟာ တပ်မတော်အစိုးရလက်ထက်မှာ အောင်မြင်တဲ့လုပ်ငန်းရှင် တစ်ဦးဖြစ်လာတာပါ။ ကျွန်တော့်အောင်မြင်မှုဟာ ပြည်သူတွေထံကရတဲ့ အကျိုးအမြတ်တွေဖြစ်ပါတယ်။ အဲဒီလို ရရှိလာတဲ့ အကျိုးအမြတ်တွေထဲက ပြည်သူ့အကျိုးပြု ကောင်းမှုလုပ်ငန်းတွေ လုပ်ဖို့ရန် စိတ်ထက်သန်လာခဲ့ရပါတယ်။

ပညာမတတ်ရင် အစစ အရာရာ ဆင်းဆင်းရဲရဲနဲ့ အောက်တန်းနောက်တန်းကျရပါတယ်။ ဇာတိမြေကို ကျေးဇူးဆပ်လိုတဲ့ စေတနာ ပညာတတ်ဖြစ်စေလိုတဲ့ ဆန္ဒပြင်းပြမှုနဲ့အတူ နိုင်ငံတော်ကိုလည်း အထောက်အကူပြုတဲ့အနေနဲ့ ဒီစာသင်ကျောင်းကို ဆောက်လုပ်လှူဒါန်းတာ ဖြစ်ပါတယ်။ အခုပဲကြည့်ပါ။ ပြီးခဲ့တဲ့နှစ် ကျောင်းဆောက်လုပ်စဉ်က ကျောင်းသားစာရင်းက ၃၅၊ ၄၀ ပဲရှိတာ။ ယခုနှစ်ကျောင်းဖွင့်တော့ ၁၂၅ ဦးအထိရှိလာပြီ။ ဒါဟာ မိမိရွာမှာ စာသင်ကျောင်း ရှိလာပြီဆိုတော့ လက်လှမ်းတမီ ပညာရေးရဲ့ အားသာချက်ပါပဲ။ ဒါကြောင့် နောက်ထပ်ကျောင်းတစ်ဆောင်လည်း ထပ်မံဆောက်လုပ်နေပါပြီ။ နောက်ထပ်ရွာအတွက် စာကြည့်တိုက်၊ ပရိဘောဂ၊ စာအုပ်စာပေ အပြည့်အစုံနဲ့ ဆောက်လုပ်လှူဒါန်းသွားမှာပါ။ ဒါကြောင့် ဘယ်တုန်းကမှ စာသင်ကျောင်း မရှိခဲ့တဲ့ ကျွန်တော်တို့ရွာ ယခုစာသင်ကျောင်းရှိလာပါပြီ။ ပညာရေးဌာနကလည်း မူလတန်းကျောင်း(ခွဲ) အဖြစ် အသိအမှတ်ပြုပြီးဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ရွာက ပြည်သူတွေအားလုံးတို့ကလည်း ဒီကျောင်းနဲ့ဝန်းကျင် ရေရှည်တည်တံ့အောင် ထိန်းသိမ်းကြရမှာဖြစ်သလို မိမိတို့သား၊ သမီးတွေကိုလည်း ပညာတတ်မျိုးဆက်သစ်တွေဖြစ်အောင် ပြုစုစောင့်ရှောက်ကြပါ"ဟု ပြောသွားသည်များကို ဝမ်းမြောက်ကြည်နူးဂုဏ်ယူဖွယ် မှတ်သားခဲ့ရပါသည်။

မှန်ပါသည်။အလှူရှင်ဦးသန့်စင်-ဒေါ်အေးအေးမိသားစုတို့သည် မွေးရပ်ဇာတိနေ ပြည်သူတွေဘဝ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပညာတတ် လူသားအရင်းအမြစ် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးသည်သာ အခြေခံအကြောင်းတရားဖြစ်သည်ကို သိရှိလာသဖြင့် ကျောင်းများကို ဆောက်လုပ်လှူဒါန်းခဲ့ကြခြင်း ဖြစ်ပေသည်။

ထို့အပြင် ဦးသန့်စင်-ဒေါ်အေးအေး(ခ) ဒေါ်သန်းသန်းအေး (အောင်-မော်တော်ယာဉ်ထုတ်လုပ်ရေး၊ မန္တလေး) မိသားစုတို့ကဲ့သို့ ကျေးလက်ဒေသအနှံ့တွင် ကျောင်းဆောက်လုပ်လှူဒါန်းကြမည့် ကုသိုလ်ရှင် အများအပြား ထွန်းကားပေါ်ပေါက်ကြပါစေကြောင်း ဆုတောင်းမိပါသည်။ ပညာသည်သာ အရာရာ၏ ဦးဆောင်လမ်းပြဖြစ်ကြောင်း ပညာနှလုံးလှ အလှူရှင်တစ်ဦး၏ ဘဝခံစားမှုနှင့် စေတနာများကို တွေ့ဆုံတင်ပြလိုက်ပါသည်။ ။

မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်နှင့် အလှူရှင် မိသားစုတို့ ဖဲကြိုးဖြတ်၍ ကျောင်းအဆောက်အအုံကို ဖွင့်လှစ်ပေးကြစဉ်။

> **စာအုပ်စာပေတွေကို လေ့လာမှတ်သားခဲ့ရတဲ့အသိနဲ့ မိမိလက်တွေ့ဘဝ အသိနဲ့ပေါင်းစပ်လိုက်တဲ့အခါ ကောင်းမြတ်တဲ့အကျိုးကို ရရှိခဲ့ပါတယ်။**

ပဲခူးခရိုင်တွင် စံနမူနာပြ ကျေးရွာစာကြည့်တိုက်များ အောင်မြင်ဖြစ်ထွန်း

ပဲခူး ဒီဇင်ဘာ ၄

ပဲခူးတိုင်းဒေသကြီး(အရှေ့) ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနအနေဖြင့် ပဲခူးခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ ကျေးရွာများတွင် ကျေးရွာတစ်ရွာ စာကြည့်တိုက်တစ်တိုက် ဖွင့်လှစ်ရေးမူအရ ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ခဲ့ရာ ယခုအခါ ကျေးရွာစာကြည့်တိုက်ပေါင်း ၁၂၀၀(တစ်ထောင့်နှစ်ရာ)ကျော် ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဦးက ပြောပြသည်။

ပဲခူးခရိုင်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်ရှိ စံပြကျေးရွာ ရှစ်ရွာ၏ စာကြည့်တိုက်များမှာ အနိမ့်ဆုံး ကျပ်ဆယ်သိန်းမှ ကျပ်သိန်း တစ်ရာခန့်အထိ တန်ဖိုးရှိသည့် စာကြည့်တိုက်များ ပါဝင်ခဲ့ကြောင်း သိရသည်။

ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ပေါင်း ရှစ်မြို့နယ်တွင် ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်မှ စတင်၍ စံပြသဘောမျိုးဖြင့် ဖွင့်လှစ်ပေးခဲ့ရာ ပဲခူးမြို့နယ်တွင် ဘုလယ်အင်းကျေးရွာ၊ ဝေါမြို့နယ်တွင် ဧကရာဇ်ကျေးရွာ၊ ကဝမြို့နယ်တွင် ရစ်ကန်ကြီးကျေးရွာ၊ သနပ်ပင်မြို့နယ်တွင် အနီးကိုက်ကျေးရွာ၊ ရွှေကျင်မြို့နယ်တွင် သောင်လယ်ကျေးရွာ၊ ဒိုက်ဦး မြို့နယ်တွင် ကျိုက်ဇကောကျေးရွာ၊ ကျောက်တံခါးမြို့နယ်တွင် ခင်တိုကျေးရွာ၊ ညောင်လေးပင်မြို့နယ်တွင် အလယ်ရွာ စသည့်ကျေးရွာတို့သည် အခြားသောကျေးရွာများမှ နမူနာရစေရန် စတင်၍ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။(နီလာဝင်း)

ဝန်ကြီးဦးညာဏ်ဝင်း ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဒီဇင်ဘာ ၅

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ကျရောက်သော ထိုင်းနိုင်ငံဘုရင်မင်းမြတ် ဘူမိဘောအဒူလျာဒက်ဂျ်၏ မွေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညာဏ်ဝင်းထံမှ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ကာဆစ်ပီရိုးမြထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"နေ့စဉ်ဖြတ်သန်းလူ့ကဏန်း" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၂)**
၈း၄၀	အလိုတော်ပြည့်ပါစေ
၈း၅၅	Activities In The City -မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နှစ်(၆၀)ပြည့်ဖွင့်ပွဲပြပွဲ အခမ်းအနား
၉း၀၀	စိတ်ကူးအိပ်မက် အနာဂတ်အတွက် "YIUS"
၉း၁၅	သင်ယူလေ့လာဂီတပညာ (Part-2) (Major Scales)
၉း၃၅	Sunday Talk (ပန်းချီဝင်းဖေမြင့်၊ မျိုးမြတ်သူ)
၁၀း၀၀	အုတ်ဖိုမြို့မှ ပီတိအပြုံးပန်းများ
၁၀း၂၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်စက်ရေ"
၁၀း၅၀	ဗီဒီယိုပြခန်း
၁၁း၁၀	ဈေးဝယ်လမ်းညွှန် (LADY BUG)
၁၁း၃၀	မြန်မာ-ကိုရီးယားချစ်ကြည်မှု အနုပညာ
၁၂း၀၅	G20 Seoul Summit
၁၂း၄၀	သန်လျင်မြို့နတ်စင်တစ်ရာ ကျောင်းတိုက်မှဆရာတော် ဘဒ္ဒန္တပညာတေဇ၏ဝိဇာတ မွေးနေ့မင်္ဂလာ
၁း၀၀	"နေ့စဉ်ဖြတ်သန်းလူ့ကဏန်း" တရားတော် (ယောဆရာတော်ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (ခရီးသွားတာကောင်းတယ်၊ ခရီးမသွားတာကောင်းတယ်)
၃း၂၀	လှပသစ်ဆန်းအလှပြင်ခန်း (Emerald Spa & Beauty Saloon)
၃း၃၅	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၂)**
၄း၅၀	ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
၅း၀၅	FMF Selection
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၄၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၉၆)**
၇း၂၅	သွားမယ်စားမယ် (M CAFE & FASHION)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၇)
၈း၅၀	ဟိုတယ်လမ်းညွှန် (The Hotel Amara NAYPYITAW)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၆၃)**
၁၀း၁၀	ပန်းချီပြခန်း (Deep Dreams)
၁၀း၂၅	Barclays Premier League (Sunderland Vs West Ham)
၁၂း၂၅	ကြိုတင်အားဖြည့် ကွန်ကရစ် ဇလီဖားစက်ရုံ(ဉသျှစ်ပင်)
၁၂း၃၅	ချစ်တတ်ကြရအောင် (ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး) [ဒါရိုက်တာ-သိန်းဟန်(ဖိုးနစ်)]
၁၂း၄၅	Talent Show (လီယိုနာဒ်မောင်မောင်လွင်)
၁း၀၅	ယွန်းဖြစ်တည်ရာကျောက္ကာရွာ
၁း၂၀	နုယဉ်ဆန်းထွင်သစ်သီးအလှဆင် (မာလကာသီးနှင့်သစ်သီး အလှပုံဖော်နည်း)
၁း၄၀	ထန်းပင်မှဖြစ်သည့်အနုပညာ (ထန်းပန်းချီ)
၁း၅၀	ကြည်နူးစရာလက်ဆောင်အဖြာဖြာ (Hello Baby Kids Shop)
၂း၀၅	လှပတင့်တယ်ကယားရိုးရာ ရက်ကန်းအထည်
၂း၁၅	မြန်မာ့လက်ရာ (မြန်မာ့အနုပညာလက်မှုပစ္စည်း အရောင်းပြခန်း)
၂း၃၀	တောင်ပေါ်လက်ဖက်နတ်သစ်ရွက်
၂း၄၅	SINGAPORE SUNDAY
၃း၀၅	RO ဆိုတဲ့ KTM
၃း၃၀	မြန်မာမှုလက်ရာပန်းတဉ်းပညာ
၄း၀၀	မိုးကုတ်မြို့မှ ရိုးရာအစားအစာများ နှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
၄း၄၀	စိတ်ငြိမ်းအေးသော (PEACE OF MIND) (ဒါရိုက်တာ-ကြည်ဖြူသျှင်)
၄း၅၀	ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	West Bromwich-Newcastle	ESPN (Live)
၁၀း၂၅	Sunderland-West Ham	ESPN (Live)

ကျေးလက်ပွဲတော် ညချမ်းကို အေးချမ်းကြည်နူးစွာ ဖြတ်သန်း

တပ်ကုန်းမြို့နယ်တွင် နေထိုင်ခဲ့စဉ်ကာလအတွင်း ရာသီပွဲတော်များကို တိတ်တဆိတ် ဖြတ်ကျော်ခဲ့ရသည်။ သင်္ကြန်ဆိုဘယ်မှာဘယ်သို့၊ သီတင်းကျွတ်ဆို ဘယ်လိုစသဖြင့် အပေါင်းအဖော်များဖြင့် စကားဝိုင်းဖွဲ့ကာ အတိတ်၏ ပျော်ရွှင်ဖွယ်ရာများကို ပြန်ပြောင်းသတိရမိရင်း ကြည့်ချင်ပွဲများ ခင်းကျင်းပြသသောပွဲတော်ရန့်ကို တမ်းတမိသည်။

သတင်းမှတ်တမ်း- ဇော်မိုးသောက်
ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)

ဒီဇင်ဘာ ၃ ရက်ညက တောင့်တချက်တို့ ချင်ခြင်းပြေခဲ့ပေပြီ။ ထိုည၌ ညောင်လွန့်ကျေးရွာမှ ကျေးလက်ပွဲတော်သို့ အမှတ်မထင် ရောက်ခဲ့၏။ ဝင်းလက်မီးရောင်၊ နှစ်လိုဖွယ် ညော်နံ့များနှင့် ထူထဲသောပွဲတော်လာပရိသတ်၊ ဆယ့်နှစ်ပွဲဈေးသည်များနှင့် ကြည့်ချင်ပွဲတို့ကို မှတ်မှတ်ရရ ပြန်တွေ့ရသည်။ ပွဲဈေးတန်းကို ခေါက်တုံ့ခေါက်ပြန် လျှောက်ခဲ့မိသောအခါ-

မြန်မာပြည်သား အဆင့်မြင့် ဇာတ်သဘင်တဲ့။

ဇာတ်ရုံနဖူးစည်း၌ မင်းသားငယ်တို့၏ ရုပ်ပုံကြီးများဖြင့် တန်ဆာဆင်ထားပြီး ဇာတ်ရုံအတွင်းသို့ ဝင်ရောက်အကဲခတ်ကြည့်ရာ ပရိသတ်အတော်စည်ကားနေသည်ကို တွေ့ရသည်။ အသက် (၄၀) အရွယ်အောက် အများစုပါသည့် အမျိုးသမီးပရိသတ်က အင်အားအကောင်းဆုံးဖြစ်သည်။ ပွဲကြည့်ပရိသတ်၏ လူမှုဟန်ပန်က သိသိသာသာ ပြောင်းလဲခဲ့ပြီဖြစ်သည်။

ပရိသတ်အကြိုက်ကို အကဲခတ်ကာ ခေတ်နှင့်အညီ ဖျော်ဖြေတင်ဆက်။

(ဇာတ်ဆရာ)

ယခင် ဇာတ်သဘင်တစ်ခေတ်တွင် ခေတ်စားခဲ့သော ပဥ္စရူပရုပ်ကြီးကို ခိုစီးထားသည့် ပတ်မကြီးနှင့် မှန်စီရွှေရောင်တပြောင်ပြောင်နှင့် ဝင့်ထည်ခံ့ညားသော မြန်မာဆိုင်းဝိုင်းကြီးများကို မတွေ့မမြင်ရသည်မှာ ကြာပြီဖြစ်သည့် တူရိယာပစ္စည်း အစုဝေးကလေးအဖြစ် ယခု ထောင့်တစ်နေရာတွင် ပြန်လည်မြင်တွေ့ခွင့် ရခဲ့သည်။ ဆိုင်းဆရာနှင့် စကားပြောကြည့်တော့ မိမိအပါအဝင် အဖွဲ့သားခုနစ်ယောက်ရှိပြီး ဇာတ်ကချိန်တစ်ညလုံးတွင် ၎င်းတို့အနေဖြင့် စုစုပေါင်း တီးမှုတ်ရချိန်မှာ နှစ်နာရီခန့်သာရှိကြောင်း ပြောပြသည်။ ကျန်အချိန်များတွင် ကီးဘုတ်တို့၊ ဂစ်တာတို့ဖြင့်သာ တီးမှုတ်ကြသည် ဆို၏။

စကားမဆုံးမီတွင် ဇာတ်ဆရာ ရောက်လာပြီး သိလိုသမျှ မေးပါဟု ဆို၏။ ပရိသတ်နှင့် ဇာတ်အစပ်အဟပ်ကိုမေးမိသည်။ လူ ၅၀ကျော်၏ စားဝတ်နေရေးအတွက် ပရိသတ်အကြိုက်ကိုအကဲခတ်ကာ ခေတ်နှင့်အညီ ဖျော်ဖြေတင်ဆက်ရကြောင်း၊ ယခင်က သဘင်စံနှုန်းများနှင့် ချိန်ကိုက်ကြည့်မည်ဆိုပါက ကွာခြားချက်များစွာ တွေ့ရမည်ဖြစ်ကြောင်း၊ ဇာတ်သဘင်အဖွဲ့အနေဖြင့် ရိုးရာမပျက် ပညာသမ္ဘာ ပြည့်ဝစွာဖြင့် ဖျော်ဖြေရေးအစီအစဉ်များ တင်ဆက်ရာတွင် ပရိသတ်၏ လက်ခံလိုလားမှု အတိုင်းအတာကို စောင့်ကြည့်ကာ လိုတိုးပိုလျှော့ လုပ်ရပါကြောင်း ဦးစွာပြောကြားသည်။

အမျိုးသမီးပရိသတ်တို့ တစ်ခဲနက် အကြိုက်တွေ့အားပေးကြသည့် ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲထားသည့် နှစ်ပါးခွင် မြန်မာ့ရိုးရာအက။

ပွဲတော်လာ လူငယ်ပရိသတ်တို့ ပွဲဈေးတန်းကို ခေါက်တုံ့ ခေါက်ပြန်လျှောက်ကာ သဘာဝအတိုင်း အေးချမ်းပျော်ရွှင်စွာ ရဟတ်၊ ချားစီးသူတို့ကလည်း ပျော်လို့၊ ရွှင်လို့မဆုံး။

ယနေ့ညအတွက် အစီအစဉ်ကို သိပါရစေဟု စေ့ငုမိသောအခါ ပဏာမ ဘုရားရှိခိုး၊ အကြိုနှစ်ပါးသွား၊ တေးသံရှင်များ၏ ခေတ်ပေါ်နှင့် မြန်မာသံသီဆိုဖျော်ဖြေမှုများ၊ အကအဖွဲ့၏ ခေတ်ပေါ်အကများ၊ တစ်နာရီခွဲစာ ပြဇာတ်တစ်ပုဒ်နှင့် နှစ်ပါးသွား မိုးလင်းအောင် ကမည်ဖြစ်ကြောင်း ရှင်းပြ၏။

ထိုခဏ၌ တစ်ရုံလုံး ရုတ်တရက် မီးမှောင် ကျသွားသည်။ ဆူညံစွာ ထွက်ပေါ်လာသော အော်ဂင်သံရှည် နောက်တွင် မှိန်ပျပျမှော်ပါလာသည့် ပတ်လုံးတို့သံများ၊ ပတ်မသံတဒိန်းဒိန်းနှင့် ထုနှက်လိုက်သော ဘင်သံ ရိုက်ချက်များနောက်မှ ဟေးခနဲ အော်လိုက်သော ပရိသတ်၏ တစ်ခဲနက် အသံကြီးက လုံးထွက်လာသည်။ လူငယ်တချို့ မြူးထူးပျော်ပါးလာသည်။ ထိုစဉ် မည်သို့ဖြစ်သည်မသိ။ ရုံအတွင်း ရုတ်တရက် မီးပြန်လင်းကာ တီးသံမှုတ်သံတို့ ဖြတ်ချလိုက်သလို ရပ်သွားသည်။

ဝင်းပသော မီးရောင်အောက်တွင် လုလင်ပျိုများကို ပွဲခင်းအတွင်း အထင်းသား တွေ့လိုက်ရသည်။ ပွဲကြိုက်မောင်တို့လား။

ပွဲကန်ထရိုက်နှင့် စကားပြောဖြစ်ရာ "ကျွန်တော်တို့ ဒီညလူပိုဝင်တယ်" ဟု ဆိုသည်။ ကြော်ငြာဆိုင်းဘုတ်ဆီသို့ ကြည့်လိုက်ရာ ယခုည အထူးအစီအစဉ်အဖြစ် နာမည်ကျော် သရုပ်ဆောင် မင်းသားငယ်တစ်ဦး ပူးပေါင်း ဖျော်ဖြေမည်ဖြစ်ကြောင်း အထင်းသား တွေ့လိုက်ရသည်။

ဇာတ်ရုံမှအထွက် အချိန်အတန်လင့်ပြီဖြစ်သည်။ ပရိသတ်ကျဲပါးသွားသော ပွဲဈေးတန်းကို ဖြတ်သန်းရင်း အတွေးကွန်ရက် ဖြန့်ကြက်မိသည်။ ခေတ်ရေစီးကြောင်း ပြောင်းသလောက် လူသားတို့၏ လိုအင်ကို ဖြည့်ဆည်းပေးမည့် ဖျော်ဖြေမှုများက အမျိုးမျိုးပြောင်းလဲဖြစ်ပေါ်နေဦးမည်ဖြစ်ရာ အရိုးကို အရွက်မဖုံးသော ပြောင်းလဲမှုသည်သာ မှန်ကန်သောပြောင်းလဲမှုဖြစ်မည်ဟု ကောက်ချက်ပြုမိရင်း ကျေးလက် ပွဲတော်ညချမ်းကို အေးချမ်းစွာ ကြည်နူးစွာဖြတ်သန်းခဲ့ပါ၏။ ။

ရန်ကုန်တိုင်းဒေသကြီး လယ်ယာဖွံ့ဖြိုးရေးဘဏ် နွေစပါးစိုက်ပျိုးရန် ဘဏ်ချေးငွေများ ထုတ်ချေးပေးလျက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ရန်ကုန်တိုင်းဒေသကြီး လက်အောက်ရှိ မြို့နယ်ဘဏ်ခွဲကိုးခုမှ နွေစပါးစိုက်ပျိုးမည့် တောင်သူများအား စိုက်ပျိုးချိန်အမီ ဘဏ်ချေးငွေများကို တစ်ဧကလျှင် ကျပ်နှစ်သောင်းနှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးအနေဖြင့် ယခုနှစ်တွင် နွေစပါးစိုက်ပျိုးရန် ဘဏ်ချေးငွေကို စုစုပေါင်းကျပ် ၂၂၀၀ သန်းခန့် ထုတ်ချေးသွားရန် လျာထားသတ်မှတ်ထားကြောင်း သိရသည်။ (၅၂၇)

စမ်းချောင်းမြို့နယ် ဝေဠုဝန်လမ်းကျယ်နေ ဒေါ်ထွေး (၈၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ်အဖြစ် ထာဝရဆွမ်း၊ ဆေးပဒေသာပင်၊ အဆောက်အအုံ ပဒေသာပင်၊ ရေလှောင်ကန်သစ်ကြီးတို့အတွက် ငွေကျပ်လေးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၅-၁၂-၂၀၁၀ (တနင်္ဂနွေနေ့)
[၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ "သက်ရှည်ကျန်းမာ လေ့ကျင့်ပါ"
- ၈း၀၅ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၂၀ ၈။ "ကလေးများအတွက် အကောင်းဆုံး"
- ၈း၃၀ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၆၆)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "အစောင့်အရှောက်" (ကျော်ဟိန်း၊ ဇော်ဝမ်း၊ စိုးမြတ်သူဇာ၊ ခွန်းဆင့်နေခြည်) (ဒါရိုက်တာ-နေပိုင်)**
- ၂း၂၀ ၇။ "နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ"
- ၂း၃၀ ၈။ အတီးပြိုင်ပွဲ
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၅ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ "၂၀၁၀ အာဆီယံဆူဇူကီး ဖလားဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (မြန်မာအသင်းနှင့် စင်ကာပူအသင်း)
- ၆း၂၀ ၄။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၃၉)
- ၆း၄၀ ၅။ တစ်မျက်နှာ တစ်ကွက်စာ
- ၇း၀၀ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၃)**
- ၈း၀၀ ၇။ ပြည်တွင်းသတင်း
- ၈။ နိုင်ငံတကာသတင်းများ
- ၉။ မိုးလေဝသအခြေအနေ
- ၁၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၈၀)**
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၆)**
- ၁၂။ အစီအစဉ်ပြီး၏။

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

ရန်ကုန်ပညာရေးတက္ကသိုလ် (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၉ ရက် (စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ပွဲအတွက် ကုသိုလ်ပြုလိုပါက ဒေါက်တာလွင်လွင်စိုး (ရန်ကုန်ပညာရေးတက္ကသိုလ်) ဖုန်း-၅၀၃၉၀၄၊ ဦးဝင်းကို ဖုန်း-၅၃၄၄၆၉၊ ဦးအုန်းမြင့် ဖုန်း-၀၉-၈၀၂၄၁၉၄၊ ဒေါ်တင်တင်ရှု (DEPT) ဖုန်း-၅၅၇၃၀၉၊ ဦးအေးကြိုင် (ဦးစီး-၁) ဖုန်း-၅၅၇၆၄၃၊ ဦးမင်းကျော်ဝေ (ဦးစီး-၁) ဖုန်း-၅၄၄၉၈၀၊ ဦးစံထိုက် (ဦးစီး-၂) ဖုန်း-၀၂-၆၆၄၀၂၊ ဦးကျော်ဝင်းမြင့် (ဦးစီး-၃) ဖုန်း-၂၁၀၀၂၆၊ ဒေါ်ကြူကြူရွှေ (ဦးစီး-၃) ဖုန်း-၅၅၄၉၆၄၊ ဦးရှိန်းလိမ်းအောင် ဖုန်း-၅၆၄၂၃၁၊ ဒေါ်ခင်စန်းမြင့် ဖုန်း-၅၄၂၃၁၇၊ ဒေါ်ရီရီဝင်း ဖုန်း-၂၄၆၃၁၉နှင့် ဦးကျော်ဝင်း ဖုန်း-၀၂-၃၉၁၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (ကြေးမုံ)

နျူကလီးယားစီမံကိန်းနှင့်ပတ်သက်၍ တပ်ပြေးတစ်ဦးက မြန်မာနိုင်ငံအပေါ် စွပ်စွဲ
ကျွမ်းကျင်သူများ၊ ထောက်လှမ်းရေးအဖွဲ့အစည်းများက ခိုင်လုံမှုမရှိကြေ

အမေရိကန်ပြည်ထောင်စု PBS ရုပ်သံလွှင့်ဌာန၏ Need to Know အစီအစဉ်မှ နိုဝင်ဘာ ၁၂ ရက်တွင် ထုတ်လွှင့်ခဲ့သော Stephen Engelberg ၏ Experts, Intelligence Agencies Question a Defector's Claims About Burma's Nuclear Ambitions ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြလိုက်ပါသည်။

ကုလသမဂ္ဂလက်နက်စစ်ဆေးရေးမှူးဟောင်း Robert Kelley က သူစွပ်စွဲပြောဆိုနေသော မြန်မာနိုင်ငံ၏ နျူကလီးယားစီမံကိန်းနှင့် စပ်လျဉ်း၍ သက်သေအထောက်အထားကို National Endowment for Democracy မှ ၂၀၁၀ ခုနှစ် ဇွန်လက ဝါရှင်တန်မြို့တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ လူသိရှင်ကြား ထုတ်ဖော်ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် နျူကလီးယားစီမံကိန်းတစ်ခု အကောင်အထည်ဖော်နေသည်ဟုဆိုသော ယခင်က စွပ်စွဲချက်များအပေါ် ကမ္ဘာတစ်ဝန်းမှ စိတ်ဝင်စားမှုအလွန်နည်းပါးခဲ့ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ အဓိက အစိုးရဆန့်ကျင်ရေးအဖွဲ့က ယင်းတို့၏ စွပ်စွဲချက်ကို Robert Kelley ပြုစုထားသော အသေးစိတ် အစီရင်ခံစာနှင့်အတူ တင်ပြခဲ့ကြသည်။ Robert Kelley ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်မှာ ရရှိထားသည့် သက်သေအထောက်အထား အရဆိုလျှင် ဖြစ်နိုင်ခြေတစ်ခုသာရှိ၍ ယင်းဖြစ်နိုင်ခြေမှာ မြန်မာနိုင်ငံတွင် အဏုမြူဗုံးတည်ဆောက်ရန် စီမံချက်တစ်ခုကို စတင်ပြီဆိုသည့် အချက်ပင်ဖြစ်သည်။ Kelley သည် အမေရိကန်အစိုးရ၏ လက်နက်စစ်ဆေးရေးမှူးဟောင်းတစ်ဦးဖြစ်၍ International Atomic Energy Agency (IAEA) တွင် နှစ်ပေါင်းများစွာ အလုပ်လုပ်ခဲ့ပါသည်။ Kelley ၏ ယခုကိစ္စနှင့်ပတ်သက်သည့် သုတေသနလုပ်ငန်းအတွက် ကုန်ကျစရိတ်တစ်စိတ်တစ်ဒေသကို အမေရိကန်ပြည်သူတို့ထံမှ ကောက်ယူထားသောအခွန်ငွေမှ ကျခံခဲ့ရသည်။

ယခုစွပ်စွဲချက်၏ ချက်ချင်းလက်ငင်း အကျိုးသက်ရောက်မှုမှာ အထက်လွှတ်တော်အမတ် Jim Webb အနေဖြင့် သူ၏ မြန်မာနိုင်ငံခရီးစဉ်ကို ဖျက်သိမ်းခဲ့ရခြင်းပင်ဖြစ်သည်။ Webb သည် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လာရောက်ရန် နာရီပိုင်းမျှအလိုတွင် ယင်း၏ မြန်မာနိုင်ငံခရီးစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း သတင်းစာရှင်းလင်းပွဲပြုလုပ်၍ ကြေညာခဲ့သည်။ မြန်မာစစ်ခေါင်းဆောင်များနှင့် ဆွေးနွေးရန် စီစဉ်ထားသည့် Webb မှာ "အနောက်နိုင်ငံများအနေဖြင့် မြန်မာအစိုးရနှင့်ပိုမိုနီးကပ်စွာ ချဉ်းကပ်ဆောင်ရွက်သင့်သည်" ဆိုသည့် အချက်ပေါ်တွင် ထောက်ခံသူတစ်ဦးဖြစ်ပါသည်။ "ယခုလို စွပ်စွဲချက်ထွက်ပေါ်လာတော့ ပိုမိုနီးကပ်စွာ ချဉ်းကပ်ဆောင်ရွက်ရန် ဆိုတာမျိုးတွေ မဖြစ်နိုင်တော့ပါဘူး" ဟု သူကပြောကြားခဲ့သည်။ ယင်းစွပ်စွဲချက်ကို ABC ၏ Good Morning America၊ The Washington Post၊ Time၊ National Public Radio နှင့် BBC တို့က ဖော်ပြခဲ့ကြပါသည်။

ယင်းစွပ်စွဲချက်ဇာတ်လမ်းကို လူသိရှင်ကြားထုတ်ဖော်ပြောကြားရာတွင် Kelley အနေဖြင့် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့သည်။ ဝါရှင်တန်မြို့တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင်သော်လည်းကောင်း၊ လွှတ်တော်အမတ်များသို့သော်လည်းကောင်း၊ ဝါရှင်တန်ရှိ နျူကလီးယားလက်နက် မပြန့်ပွားရေးနှင့် ပတ်သက်သည့်အရေးကိစ္စအပေါ် ဩဇာတိက္ကမ ရှိသော အသိုင်းအဝိုင်းတွင်သော်လည်းကောင်း သူ၏ အစီရင်ခံစာ "စွပ်စွဲချက်"ကို တင်ပြခဲ့သည်။ **"ရှင်းရှင်းပဲ ကျွန်တော်ပြောမယ်၊ ဒါဟာ လျှို့ဝှက်နျူကလီးယားအစီအစဉ် တစ်ခုပါပဲ" သတင်းစာရှင်းလင်းပွဲတွင် Kelley က ယင်းသို့ ခိုင်ခိုင်မာမာ သုံးသပ်ခဲ့သည်။ Kelley က ယခုလို ခိုင်ခိုင်မာမာ စွပ်စွဲနေသော်လည်း အခြားအဖွဲ့အစည်းများမှာ ယင်းစွပ်စွဲချက်အပေါ် သံသယဖြစ်နေကြသည်။ Pro Publica နှင့် PBS Need to Know အစီအစဉ်တို့အနေဖြင့် ယင်းစွပ်စွဲချက်အပေါ် ဆန်းစစ်ခဲ့ရာတွင် တိကျခိုင်မာမှုများစွာလိုနေသေးကြောင်းတွေ့ရှိခဲ့ကြရသည်။ IAEA ၏ ဒုတိယညွှန်ကြားရေးမှူးဟောင်းတစ်ဦးဖြစ်သူ Olli Heinonen အပါအဝင် နျူကလီးယားဆိုင်ရာ ကျွမ်းကျင်သူအတော်များများက Kelley ၏ အထောက်အထားများမှာ မပြည့်စုံဟု မှတ်ချက်ချခဲ့ကြသည်။ ယင်းအဖွဲ့အစည်းများနှင့် ပုဂ္ဂိုလ်များက ဓာတ်ပုံများတွင် ဖော်ပြထားသော ပစ္စည်းကိရိယာများသည် စွပ်စွဲထားသောကိစ္စရပ်အတွက် မဟုတ်ဘဲ အခြားကိစ္စများတွင် အသုံးပြုရန်လည်း ဖြစ်နိုင်ကြောင်း၊ ယခုလို အရေးကြီးလှသည့် စွပ်စွဲချက်မျိုးသည် တပ်ပြေးတစ်ဦး၏ ထွက်ဆိုချက်အပေါ်တွင်သာ မမှီခိုသင့်ကြောင်းပြောကြားခဲ့ကြပါသည်။**

တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် မြန်မာနိုင်ငံ၏ နျူကလီးယားစီမံကိန်းနှင့် ပတ်သက်သည့် Kelley ၏ စွပ်စွဲချက်များအပေါ် IAEA ၏ ဒုတိယညွှန်ကြားရေးမှူးဟောင်း Olli Heinonen က ငြင်းချက်ထုတ်ခဲ့ပါသည်။ Olli Heinonen က "ဒါသဘာဝမကျတဲ့စွပ်စွဲချက်ပါ။ ထင်သာမြင်သာတဲ့ အထောက်အထားလည်း မတွေ့ရဘူး။ ဒါဟာ နျူကလီးယားကိစ္စအတွက်သာဖြစ်ပါတယ်လို့ ယုံကြည်စိတ်ချရလောက်အောင်ပြောနိုင်တဲ့ သက်သေအထောက်အထားဆိုလို့ တစ်မျှင်လေးတောင်မှ မရှိပါဘူး"ဟု ပြောကြားခဲ့သည်။

အမေရိကန်အရာရှိကြီးတစ်ဦးကလည်း အမေရိကန်ပြည်ထောင်စု ဗဟိုထောက်လှမ်းရေးအေဂျင်စီနှင့် စွမ်းအင်ဝန်ကြီးဌာနတို့က သေချာစွာလေ့လာခဲ့ကြောင်းနှင့် Kelley ၏ တွေ့ရှိချက်များကို လက်မခံနိုင်ကြောင်း ပြောကြားခဲ့ပါသည်။ ဂျာမနီနိုင်ငံမှ တာဝန်ရှိသူများက "တပ်ပြေးပေးပို့တဲ့ဓာတ်ပုံများတွင် ဖော်ပြထားသော ပစ္စည်းကိရိယာများမှာ မြန်မာနိုင်ငံမှဝယ်ယူသွားခဲ့သည်ကို မိမိတို့သိရှိပါကြောင်း၊ အချို့ပစ္စည်းကိရိယာများမှာ ဂျာမနီကုမ္ပဏီများမှ ရောင်းချခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းပစ္စည်းကိရိယာများကို အဏုမြူလက်နက်စီမံကိန်းတွင် အသုံးပြုခြင်းမဟုတ်ကြောင်း"ကို ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် ယူရေနီယမ်သိုက်များရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအချိန်အထိ လုပ်ဆောင်နေသည်မှာ နျူကလီးယားဓာတ်အားပေးစက်ရုံများအတွက် လောင်စာအဖြစ် အသုံးပြုရန်သာ ဖြစ်နိုင်ကြောင်း၊ ယူရေနီယမ်သတ္တုကို အသုံးပြုလိုသူတော့ ရှိနိုင်ကြောင်း၊ သို့ရာတွင် ရည်ရွယ်ချက်ကိုတော့ မသိနိုင်ကြောင်း၊ ယခုအဆင့်တွင် နျူကလီးယားလက်နက် ထုတ်လုပ်မှုအတွက် သံသယဖြစ်ဖွယ် အခြေအနေမျိုးကို လှုံ့ဆော်နိုင်သည့် လုပ်ဆောင်မှုမျိုးကို မတွေ့ရသေးပါကြောင်း ပြောကြားခဲ့။


Experts, Intelligence Agencies Qu
About Burma's Nuclear Ambitio

Kelley ယခုကဲ့သို့ သုတေသနပြုစွပ်စွဲချက်တင်ပြနိုင်ရန် ကုန်ကျစရိတ်တစ်စိတ်တစ်ဒေသမှာ အမေရိကန်ပြည်သူတို့၏ အခွန်ငွေများမှ တစ်ဆင့် ကျခံပေးခဲ့ရခြင်းဖြစ်နေသည်မှာ ယုံကြည်ရန်ပင် အတော်ခက်ခဲသည့်ကိစ္စဖြစ်သည်။

အမှန်စင်စစ် တပ်ပြေး စိုင်းသိန်းဝင်းကို အနောက်နိုင်ငံများက သိလာစေရန် ဆောင်ရွက်ခဲ့သည့်အဖွဲ့မှာ Democratic Voice of Burma ဟုခေါ်သည့် မြန်မာပြည်ပြေးများဖြင့် ဖွဲ့စည်းထားသော နော်ဝေနိုင်ငံအခြေစိုက် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ လွန်ခဲ့သည့်နှစ်က ယင်းပြည်ပြေးများသည် National Endowment for Democracy မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄၀၀၀၀၀ ရရှိခဲ့ပါသည်။ အမေရိကန် အဖွဲ့အစည်းတစ်ခုဖြစ်သော NED တွင် အသုံးစရိတ်အားလုံးကို အမေရိကန်လွှတ်တော်မှ ချမှတ်အတည်ပြုပေးခြင်းဖြစ်သည်။ ၁၉၈၃ ခုနှစ်က တည်ထောင်ခဲ့သော NED သည် ယင်း၏ ပင်မလုပ်ငန်းဖြစ်သော ကမ္ဘာတစ်ဝှမ်း ဒီမိုကရေစီလှုပ်ရှားမှုများကို အားပေးရန် အထောက်အပံ့နှင့် အကြံဉာဏ်များပေးခဲ့သည်။ ပိုလန်နိုင်ငံ၏ Solidarity လှုပ်ရှားမှုနှင့် တောင်အာဖရိကနိုင်ငံ အသားအရောင်ခွဲခြားမှုတိုက်ဖျက်ရေး အင်အားစုတို့မှာ NED ၏ အထောက်အပံ့ခံများဖြစ်ခဲ့ကြသည်။ NED မှ တာဝန်ရှိသူများက ယင်းတပ်ပြေး၏ စွပ်စွဲချက်များကို Kelley မှ စိစစ်နိုင်ရန် DVB ကို မိမိတို့ အားပေးခဲ့ကြောင်း၊ ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တွင်နေထိုင်သော Kelley ဝါရှင်တန်သို့ လေယာဉ်ဖြင့်လာရောက်၍ စွပ်စွဲချက်ကိုတင်ပြနိုင်ရန် မိမိတို့အဖွဲ့က အသုံးစရိတ်ထောက်ပံ့ခဲ့ကြောင်း၊ Kelley တက်ရောက်ရှင်းလင်းခဲ့သော သတင်းစာရှင်းလင်းပွဲမတိုင်မီအထိ မိမိတို့အနေဖြင့် ယင်းစွပ်စွဲချက်ကိစ္စကို ကျွမ်းကျင်သူ သို့မဟုတ် တာဝန်ရှိသူ မည်သူနှင့်မျှ ညှိနှိုင်းခဲ့ခြင်းမရှိပါကြောင်း ပြောကြားခဲ့သည်။

ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်တစ်ရပ်ထွက်ပေါ်လာစေရန်အတွက် မိမိတို့၏ ပါဝင်ပတ်သက်မှုများသည် ဒီမိုကရေစီအကျိုးအတွက်သာဖြစ်ကြောင်း NED မှတာဝန်ရှိသူများက မိမိတို့လုပ်ရပ်ကို ကာကွယ်ပြောကြားခဲ့ကြသည်။ NED ဥက္ကဋ္ဌ Carl Gershmam က Jim Webb မြန်မာနိုင်ငံကို သွားရောက်ရန်ရှိနေသည်ကို မိမိတို့ မသိခဲ့ပါကြောင်း၊ DVB အတွက်ပေးသော မိမိတို့၏ အထောက်အပံ့များသည် လွတ်လပ်စွာ သတင်းထုတ်ပြန်ခွင့်မရှိသည့်နိုင်ငံအတွက် လွတ်လပ်သော သတင်းထုတ်ပြန်မှုကို အားပေးရန်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

Carl Gershmam သည် NED စတင်တည်ထောင်စဉ်ကပင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည်။ မြန်မာနိုင်ငံတွင် နျူကလီးယား အစီအစဉ်နှင့်ပတ်သက်သော စွပ်စွဲချက်များအပေါ် အမေရိကန်

...ပေါ် စွပ်စွဲချက်များနှင့်စပ်လျဉ်း၍ ...မှုမရှိကြောင်း ကောက်ချက်ချ


e Agencies Question a Defector's Claims
lear Ambitions

r Robert Kelley presents evidence of the alleged Burmese nuclear program at a
ment for Democracy in Washington, D.C., in June 2010. (Photo courtesy of PBS

tan Dotan Nov. 12, 2010, 1:41 p.m.

tion on this report aired on Nov. 12, 2010. Watch it now [2].

rma's repressive military regime rocketed around the globe: A defector from the
ckward nation had launched a program to build a nuclear bomb. The defector, a
led pictures and documents to bolster his claims.

ို မိမိတို့သိရှိပါ ကြောင်း၊
ီများမှ ရောင်းချ
ကို အဏုမြူလက်နက်
ပြောကြားခဲ့သည်။
်တင်ပြနိုင်ရန် ကုန်ကျ
ူတို့၏ အခွန်ငွေများမှ
ကြည်ရန်ပင် အတော်

အနောက်နိုင်ငံများက
mocratic Voice of
ဖြင့် ဖွဲ့စည်းထားသော
ဖြစ်သည်။ လွှန်ခဲ့သည့်
ndowment for De-
ာ ၄၀၀၀၀၀ ရရှိခဲ့ပါ
ာ NED တွင် အသုံး
တ်အတည်ပြုပေးခြင်း
NED သည် ယင်း၏
ရေစီလှုပ်ရှားမှုများကို
ားပေးခဲ့သည်။ ပိုလန်
ာဖရိကနိုင်ငံ အသား
NED ၏ အထောက်
ားက ယင်းတပ်ပြေး၏
B ကို မိမိတို့ အားပေး
နေထိုင်သော Kelley
ွဲချက်ကိုတင်ပြနိုင်ရန်
Kelley တက်ရောက်
အထိ မိမိတို့အနေဖြင့်
် တာဝန်ရှိသူ မည်သူ
သည်။

တစ်ရပ်ထွက်ပေါ်လာ
ည် ဒီမိုကရေစီအကျိုး
ားက မိမိတို့လုပ်ရပ်ကို
Carl Gershmam က
န်ရှိနေသည်ကို မိမိတို့
မိမိတို့၏ အထောက်
ှ်မရှိသည့်နိုင်ငံအတွက်
ပေးရန်သာဖြစ်ကြောင်း

တည်ထောင်စဉ်ကပင်
ွင် နျူကလီးယား အစီ
ပေါ် အမေရိကန်

ထောက်လှမ်းရေးအဖွဲ့အစည်းများက သံသယရှိသည့်အချက်ကို မိမိတို့မသိရှိပါကြောင်း၊ ယခုစွပ်စွဲချက်ကို လုံးဝယုံကြည်မှု မရှိလျှင်ပင် ယင်းစွပ်စွဲချက် သတင်းသည် တန်ဖိုးရှိပါသေးကြောင်း၊ Gershmam က ပြောကြားခဲ့သည်။ သူက "ဒီသတင်းဟာ မှားနေတယ်ဆိုရင်တောင် ယခုလိုမျိုး ပြဿနာတစ်ခုရှိနေတယ်ဆိုတာကိုတော့ ကျွန်တော်တို့ သိခွင့်ရတာပေါ့။ ဒီပြဿနာနှင့်ပတ်သက်လို့ တစ်ခုခုတော့ DVB အနေဖြင့်သိနိုင်သလို ကမ္ဘာအနေနဲ့လည်း သိနိုင်လိမ့်မယ်ဖြစ်တယ်။"

"အခုလို ပွင့်ပွင့်လင်းလင်း ငြင်းခုန်မှုမျိုးသည် ပွင့်လင်းသော လူ့အဖွဲ့အစည်း၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း၊ ချို့ယွင်းချက်ကင်းသည့် ကိစ္စမျိုးမရှိနိုင်ကြောင်း၊ ကွဲပြားခြားနားသည့် အမြင်များ ရှိနေခြင်းသည် ဒီမိုကရေစီပင်ဖြစ်ကြောင်း၊ မည်သူမဆို အမှားကို ကျူးလွန်နိုင်ကြောင်း၊ လူတွေမှာလည်း မတူညီသည့်အမြင်များ ရှိနေကြကြောင်း၊ ယခုကိစ္စမှာလည်းဒီလိုပဲပေါ့" ဟု သူကပြောကြားခဲ့သည်။

မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်နှင့်ပတ်သက်၍ ကျွမ်းကျင်သူများအကြား အငြင်းပွားနေရခြင်းသည် နိုင်ငံတကာ မိသားစုအနေဖြင့် တွေ့ကြုံနေရသော ကြီးမားကျယ်ပြန့်သည့် တရားမဝင် လက်နက်များဆိုင်ရာ ပြဿနာကို ထင်ဟပ်ပေါ်လွင်စေပါသည်။ အီရတ်ပြည်ပြေးတစ်ဦး၏ ထွက်ဆိုချက်ပေါ်မူတည်၍ အမေရိကန်ပြည်ထောင်စုသည် အီရတ်နိုင်ငံအား စစ်ခင်းခဲ့ပါသည်။ Curveball ဟု အမည်ဝှက်ပေးထားသည့် ယင်းထွက်ဆိုချက်တွင် ဆက်ဒမ်ဟူစိန်၏ ဇီဝလက်နက်စီမံကိန်းကိုတင်ပြထားသည်။ ဗိုလ်ချုပ်ကြီး Colin Powell ၏ ကုလသမဂ္ဂသို့တင်ပြသည့် အစီရင်ခံစာသည် Curveball ဟု အမည်ဝှက်ပေးထားသည့် ယင်းထွက်ဆိုချက်အပေါ်တွင် အတော်များများပင် မူတည်နေပါသည်။ နောက်ပိုင်းသိရှိခဲ့ရသည်မှာ ယင်းထွက်ဆိုချက်သည် အလိမ်အညာတစ်ခုသာဖြစ်ကြောင်း၊ အီရတ်နိုင်ငံအတွင်း မည်သည့်နျူကလီးယား၊ ဇီဝနှင့်ဓာတုလက်နက်ပစ္စည်းကိုမျှ မတွေ့ရှိရကြောင်းပင်ဖြစ်ပါသည်။

အချို့သောကျွမ်းကျင်သူများက စိုးရိမ်သည်မှာ ယခုလို အတုအယောင်ထွက်ဆိုချက်ကြီးကြောင့် အနောက်နိုင်ငံများအနေဖြင့် နောက်နောင်တွင် ပြည်ပြေးတို့၏ သတင်းပေးချက်များကို ဂရုပြုတော့မည်မဟုတ်ဆိုသည့် အချက်ပင်ဖြစ်သည်။ သို့ရာတွင် အချို့ကမူ Curveball ထွက်ဆိုချက်သည် သတိပေးချက်တစ်ရပ်ပင်ဖြစ်ကြောင်း၊ နောင်ထွက်ပေါ်လာမည့် မိမိနိုင်ငံအစိုးရကို ပြန်လည်ဆန့်ကျင်နေသူတစ်ဦးတစ်ယောက်၏ နျူကလီးယားပြန့်ပွားရေးနှင့် ပတ်သက်နေသည့် သတင်းပေးချက်ကို သေချာစွာလေ့လာသင့်ကြောင်း ပြောကြားခဲ့သည်။

Kelley သည် သူ၏ အစီရင်ခံစာနှင့်ပတ်သက်၍ အငြင်းပွားမှုအတိုင်းအတာကို သိရှိခဲ့ရပါသည်။ အစိုးရဆန့်ကျင်သူအုပ်စု၊ DVB နှင့် ယင်းတပ်ပြေးတို့သည် မြန်မာစစ်အစိုးရအပေါ် ပြင်းထန်သော ခံစားချက်များရှိကြကြောင်းနှင့် ယင်းတို့၏ ပြောကြားချက်များသည် ယုတ္တိရှိ မရှိ ဆိုသည်ကို ပြန်လည်သုံးသပ်စူးစမ်းနိုင်ကြောင်း ပြောကြားခဲ့သည်။

Kelley က စွပ်စွဲချက်များနှင့် ပတ်သက်သည့် အထောက်အထားများမှာ မြန်မာနိုင်ငံရှိ ယခင်ဖြစ်ရပ်များနှင့် သိုင်းဝိုင်းဖွဲ့နွဲ့ရေးသားထားသဖြင့် စိတ်ဝင်စားစရာကောင်းကြောင်း ပြောကြားခဲ့သည်။ တပ်ပြေး စိုင်းသိန်းဝင်းအား အစ္စရေးနိုင်ငံမှ အဏုမြူလက်နက်နှင့် ပတ်သက်သည့် လျှို့ဝှက်စီမံကိန်းဓာတ်ပုံများကို အင်္ဂလန်နိုင်ငံထုတ် သတင်းစာတစ်စောင်သို့ ပေးပို့ခဲ့သော အစ္စရေးလူမျိုး အတတ်ပညာရှင် Mordecai Varnunu နှင့်ပင် ခိုင်းနှိုင်းတင်ပြထားသေးသည်။

Kelley က ယင်းတပ်ပြေး၏ ဖော်ပြချက်အပါအဝင် လူသိရှင်ကြား ထုတ်ပြန်ပြီးဖြစ်သည့် အဆိုပါ စွပ်စွဲချက်နှင့် ပတ်သက်သော အထောက်အထားများအရဆိုလျှင် ကောက်ချက်ချရန်မှာ ယင်းစီမံကိန်းအတွက် နည်းပညာသည် နျူကလီးယားလက်နက်အတွက်သာဖြစ်ပြီး အရပ်ဘက်ကိစ္စ သို့မဟုတ် နျူကလီးယားစွမ်းအင်အတွက် လုံးဝမဖြစ်နိုင်ကြောင်းပင်ဖြစ်သည်ဟု ဆိုခဲ့သည်။

Kelley သည် ၂၀၀၅ ခုနှစ်မှ ယခုနှစ်တိုင်အောင် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ၏ ဒုတိယညွှန်ကြားရေးမှူးဖြစ်သော Heinonen အတွက် နှစ်ပေါင်းများစွာ လုပ်ကိုင်ပေးခဲ့သည်။ သူတို့၏ လုပ်ငန်းတွင် လူသိများသည့် အီရန်၊ အီရတ်နှင့် တောင်အာဖရိကတို့၏ နျူကလီးယားအစီအစဉ်များကို စုံစမ်းစစ်ဆေးမှုများ ပါဝင်ပါသည်။

Heinonen က မြန်မာနိုင်ငံအပေါ် စွပ်စွဲသည့် ယခုကိစ္စနှင့် ပတ်သက်၍ သူ၏လုပ်ဖော်ကိုင်ဖက်ဟောင်းနှင့် သဘောထားကွဲလွဲကြောင်း ပြောကြားခဲ့သည်။

သူက မြန်မာနိုင်ငံတွင် ယူရေနီယမ်သိုက်များရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ယခုအချိန်အထိ လုပ်ဆောင်နေသည်မှာ နျူကလီးယားဓာတ်အားပေးစက်ရုံများအတွက် လောင်စာအဖြစ် အသုံးပြုရန်သာ ဖြစ်နိုင်ကြောင်း၊ ယူရေနီယမ်သတ္တုကို အသုံးပြုလိုသူတော့ ရှိနိုင်ကြောင်း၊ သို့ရာတွင် ရည်ရွယ်ချက်ကိုတော့ မသိနိုင်ကြောင်း၊ ယခုအဆင့်တွင် နျူကလီးယားလက်နက် ထုတ်လုပ်မှုအတွက် သံသယဖြစ်ဖွယ် အခြေအနေမျိုးကို လှုံ့ဆော်နိုင်သည့် လုပ်ဆောင်မှုမျိုးကို မတွေ့ရသေးပါကြောင်း ပြောကြားခဲ့သည်။

နိုင်ငံတစ်နိုင်ငံ၏ နျူကလီးယားစီမံကိန်းနှင့် ပတ်သက်သည့် လုပ်ဆောင်ပိုင်ခွင့်ဘောင်ကို တိုးချဲ့သင့်ကြောင်း၊ သတ္တုရိုင်းမှ ပထမဦးဆုံး မော်လီကျူးကို ထုတ်လုပ်လိုက်သည်နှင့် ယင်းနိုင်ငံသည် နျူကလီးယားလက်နက်ကို ထုတ်လုပ်ရန် စတင်နေသည်ဟု မဆိုနိုင်ပါကြောင်း၊ လက်နက်ထုတ်လုပ်ရန်ဆိုလျှင် နောက်ထပ် အဆင့်များစွာကို ကျော်ဖြတ်ရဦးမည်ဖြစ်ကြောင်း သူက ဆက်လက်ပြောကြားပါသည်။

ကျွမ်းကျင်သူများ၏ အခြေအတင်ငြင်းခုံမှုများမှလည်း ဖြေရှင်းရန်ခက်ခဲသည့် အင်ဂျင်နီယာနှင့် သိပ္ပံဆိုင်ရာ ပုစ္ဆာများပေါ်တွင်ပါ သံသရာလည်နေကြသည်။

ယင်းတပ်ပြေးပေးပို့သည့် ဓာတ်ပုံတစ်ပုံမှာ Glove Box ဟု ခေါ်သည့် အလုံပိတ်အခန်းတစ်ခုပင် ဖြစ်သည်။ ယင်းအခန်းတွင် Operators များသည် အန္တရာယ်ရှိသော ပစ္စည်းများကို ကိုင်တွယ်လုပ်ဆောင်နေကြသည်။

Kelley က ယင်း Glove Box သည် ယူရေနီယမ်ကို သတ္တုအဖြစ် သန့်စင်သည့် လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တင်ပြခဲ့သည်။ ယူရေနီယမ်သတ္တုသည် နျူကလီးယားလက်နက်ထုတ်လုပ်ရန် အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ Kelley ၏ အစီရင်ခံစာအရဆိုလျှင် ယင်း Box သည် မဂ္ဂနီစီယမ်နှင့် ယူရေနီယမ် တက်ထရာဖလူအိုရိုဒ် (UF4) တို့ကို ရောစပ်ရန်ဖြစ်သည်။ ယင်းသတ္တုအရောကို Bombreactor ဟု ခေါ်သည့် အိုးအတွင်းတွင် အပူချိန်မြင့်မားစွာပေးသည်။ ယင်းလုပ်ငန်းစဉ်ကို Bomb Reduction ဟု ခေါ်သည်။ "ကျွန်တော်တို့ နားလည်သလိုပြောရရင်တော့ ဒီ Glove Box က Bomb Reduction လုပ်ငန်းစဉ်ကနေ ယူရေနီယမ်သတ္တုထုတ်လုပ်ရန်အတွက် (UF4) နှင့် မဂ္ဂနီစီယမ်တို့ကို ရောစပ်ရန်ပင် ဖြစ်ပါတယ်"ဟု Kelley က ကောက်ချက်ချခဲ့သည်။

Kelley ၏ ကောက်ချက်ကို Heinonen က သံသယရှိခဲ့သည်။ သူက"ဒီ Glove Box နှင့် Bomb Reactor တို့ကို အခြားနေရာမှာလည်း သုံးနိုင်ကြောင်း၊ မဂ္ဂနီစီယမ်နှင့် (UF4) တို့ကို ရောစပ်ရာတွင် သုံးလေ့ရှိသည့် ရောနှောစက် (Mixer) ကို ထားရန်အတွက် ယင်း Glove Box မှာ သေးငယ်နေကြောင်း၊ ယင်းပြဿနာကိုဖြေရှင်းရန် နည်းလမ်းများတော့ရှိပါကြောင်း၊ သို့ရာတွင် ယင်းနည်းလမ်းများသည် လုပ်ငန်းစဉ်နှင့် သိပ်မအပ်စပ်ကြောင်းနှင့် ယင်း Box မှာ အခြားလုပ်ငန်းစဉ်အတွက်သာဖြစ်နိုင်ကြောင်း ပြောကြားခဲ့သည်။ "ဒီကိရိယာအစိတ်အပိုင်းလေးတွေဟာ ယူရေနီယမ်သတ္တုထုတ်လုပ်ရန်အတွက် ဖြစ်ပါတယ်လို့ အသေအချာပြောလို့မရပါဘူး"ဟု သူက E-mail မှတစ်ဆင့် ပြောကြားခဲ့သည်။

Kelley ၏ အမြင်နှင့် ကွဲလွဲသူနောက်တစ်ဦးက David Albright ပင်ဖြစ်။ သူသည် ဝါရှင်တန်အခြေစိုက် သုတေသနဌာနတစ်ခုဖြစ်သော Institute for Science and International Security(ISIS) ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်။ ယခုနှစ် ဇန်နဝါရီလအတွင်းက Kelley နှင့် Albright တို့သည် အခြားကျွမ်းကျင်သူနှစ်ဦးနှင့်အတူ ISIS အတွက် စာတမ်းတစ်ခုကို အတူတကွ ပြုစုပေးခဲ့ကြ။ ယင်းစာတမ်းတွင် မြန်မာနိုင်ငံက အဏုမြူဗုံးလုပ်နေသည်ဟူသော အစောပိုင်းက စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်း ဖော်ပြခဲ့ကြ။

Kelley ၏ အမြင်နှင့် ကွဲလွဲသူနောက်တစ်ဦးက David Albright ပင်ဖြစ်သည်။ သူသည် ဝါရှင်တန်အခြေစိုက် သုတေသနဌာနတစ်ခုဖြစ်သော Institute for Science and International Security(ISIS) ၏ ညွှန်ကြားရေးမှူးတစ်ဦးဖြစ်ပါသည်။ ယခုနှစ် ဇန်နဝါရီလအတွင်းက Kelley နှင့် Albright တို့သည် အခြားကျွမ်းကျင်သူနှစ်ဦးနှင့်အတူ ISIS အတွက် စာတမ်းတစ်ခုကို အတူတကွ ပြုစုပေးခဲ့ကြသည်။ ယင်းစာတမ်းတွင် မြန်မာနိုင်ငံက အဏုမြူဗုံးလုပ်နေသည်ဟူသော အစောပိုင်းက စွပ်စွဲချက်များ မှန်ကန်မှုမရှိကြောင်း ဖော်ပြခဲ့ကြသည်။

မြန်မာနိုင်ငံအပေါ် စွပ်စွဲထားသည့် အစီရင်ခံစာအပေါ် သံသယဖြင့် မေးမြန်းလာကြသည့် သတင်းထောက်များအား Kelley က Albright ကို ဆက်သွယ်မေးမြန်းရန် တိုက်တွန်းခဲ့သည်။

တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် Albright က Kelley ၏ တင်ပြချက်များကို မိမိသဘောမတူကြောင်း ပြောကြားခဲ့သည်။ "ဒီအစီရင်ခံစာကို သေသေချာချာဖတ်ကြည့်တော့ Kelley အနေနဲ့ မြန်မာနိုင်ငံဟာ နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ ကြိုးစားနေတယ်လို့ သူယူဆပုံရတယ်။ ပြီးနောက် တစ်ဖက်သတ်အမြင်နဲ့ စိုင်းသိန်းဝင်း ပေးပို့တဲ့ ဓာတ်ပုံတွေကို နျူကလီးယားလက်နက်ထုတ်လုပ်ရန်အတွက် သက်သေများအဖြစ် မှတ်ယူခဲ့တယ်"ဟု Albright က ပြောကြားခဲ့သည်။

Albright က ၎င်း၏ အမြင်တွင် ဓာတ်ပုံများ၌ ဖော်ပြထားသော ပစ္စည်းကိရိယာတိုင်းသည် အခြားကိစ္စများအတွက်လည်း အသုံးပြု၍ ရကြောင်း၊ နျူကလီးယားနှင့် ပတ်သက်မှုမရှိသည့် လုပ်ငန်းများပင် ပါဝင်ကြောင်းနှင့် တပ်ပြေးစိုင်းသိန်းဝင်းသည် နျူကလီးယားသိပ္ပံနှင့် အင်ဂျင်နီယာအတတ်ပညာဆိုင်ရာ အခြေခံမရှိကြောင်း ပြောကြားခဲ့သည်။

"အီရတ်နိုင်ငံရဲ့ အဖျက်စွမ်းအားကြီးမားတဲ့ လက်နက်စီမံကိန်းအကြောင်းကို အမှန်အတိုင်းသိလာဖို့အတွက် ခယောင်းလမ်းကို ဖြတ်သန်းခဲ့ကြရတယ်" ဟု Albright က ဆက်လက်ပြောကြားခဲ့သည်။ "နိုင်ငံတစ်နိုင်ငံကို နျူကလီးယားလက်နက်စီမံကိန်းရှိနေပြီလို့ စွပ်စွဲတော့မယ်ဆိုရင် ခိုင်လုံတဲ့သက်သေအထောက်အထား ရှိရမှာဖြစ်ပါတယ်။"

မြန်မာ-ရုရှားချစ်ကြည်ရင်းနှီးမှုရရှိသော တင်းနစ်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှုရရှိသော တင်းနစ်ပွဲ (Friendly Tennis Get Together) ကိုယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးရှိ တင်းနစ်ကွင်း၌ ကျင်းပသည်။

အဆိုပါတင်းနစ်ပွဲသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Mikhail M. Mgeladze နှင့် သံရုံးအဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်မော်သိန်းနှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ယင်းမြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှုရရှိသော တင်းနစ်ပွဲတွင် Russian Embassy Tennis Club နှင့် Y.C.D.C တင်းနစ်ကလပ်တို့ ပျော်ပျော်ရွှင်ရွှင်ကျင်းပပြီး ဆုရရှိကြသော တင်းနစ်အားကစားသမားများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီးတို့က ဆုများကို ပေးအပ်ချီးမြှင့်ကြကာ ညနေပိုင်းတွင် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ-ရုရှား ချစ်ကြည်ရင်းနှီးမှု တင်းနစ်ပွဲ ဆုချီးမြှင့်ပွဲအပြီးတွင် ရန်ကုန်မြို့တော်ဝန်၊ ရုရှားသံအမတ်ကြီးနှင့် ဆုရရှိသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အောက်ပိုင်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၄

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ မချမ်းဘောမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်နှင့် ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။**မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၁၁ လက်မ ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဒီဇင်ဘာ ၅ ရက် ညနေထိခန့်မှန်းချက်။ ။ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီး တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီး တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ်ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှုအဖြစ် ဒီဇင်ဘာ ၄ ရက်က ကျောက်တိုင်ရွာမှ ကျားသေအိုင်ကျေးရွာအထိ အသွားအပြန် စုပေါင်းလမ်းလျှောက်ကြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးလူနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အား/ကာ ဦးစီးအရာရှိ ဦးခင်မောင်အေးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ရပ်မိရပ်ဖများ ပါဝင်စုပေါင်းလမ်းလျှောက်ကြစဉ်။ (၅၆၄)

အထက(၂) သထုံ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

၁၉၂၀ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခင်အစိုးရအလယ်တန်းကျောင်းဟုခေါ်တွင်ခဲ့သည့် သထုံမြို့ အမှတ် (၂) အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူဟောင်းများက (၁၁)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်း၊ စံပယ်ခန်းမကျောင်းဆောင်ဟောင်း၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ပူဇော်ပွဲသို့ တက်ရောက်ကြရန်နှင့် လှူဒါန်းလိုပါက ဦးပြေသိန်း ဖုန်း-၀၉-၄၉၈၁၅၄၄၂၊ ၀၅၇-၄၀၆၂၃၊ ဦးမျိုးဝင်း ဖုန်း-၀၅၇-၄၀၃၃၆၊ ဦးကျော်စိုး ဖုန်း-၀၅၇-၄၀၂၇၈၊ ဒေါ်ယုယုခင် ဖုန်း-၀၉-၂၁၃၁၉၅၃၊ ဒေါ်မြင့်မြင့်အေး ဖုန်း-၀၁-၂၁၀၁၀၂၊ ဦးကျော်မင်းထွေး ဖုန်း-၀၉-၅၀၀၈၉၂၅၊ ဒေါ်စိန်လှိုင်ငွေ ဖုန်း-၀၅၇-၄၀၈၇၃၊ ဒေါ်ခင်သန်းနွဲ့ ဖုန်း-၀၉-၈၇၂၀၃၉၀၊ ၀၅၇-၄၀၄၇၉၊ ဒေါ်မင်းမင်းနိုင် ဖုန်း-၀၅၇-၄၀၃၄၁၊ ဦးထွန်းလှိုင် ဖုန်း-၀၉-၈၇၂၀၂၁၇၊ ၀၅၇-၄၀၆၁၃နှင့် ဦးတင်သိန်း ဖုန်း-၀၆၇-၄၁၂၀၇၀၊ ၀၉-၅၀၂၂၈၈၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

အထက(၁)သာစည် ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၄

သာစည်မြို့ အထက(၁)မှ အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများအား (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် သာစည်မြို့ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဒေါ်အေးအေးချို ဖုန်း-၀၁-၅၇၉၇၄၉၊ ဦးကံညွန့် ဖုန်း-၀၂-၂၀၃၇၃၂၊ ဦးမြင့်အောင် ဖုန်း-၀၉-၂၀၀၅၀၂၀၊ ဦးဟန်ဝင်းအောင် ဖုန်း-၀၂-၉၁၀၁၀၇၄၀၊ ဦးဇော်သိန်း ဖုန်း-၀၉-၈၆၂၈၁၀၄၊ ဦးစိုးဝင်း(ခ)ကိုချစ် ဖုန်း-၀၉-၂၂၂၅၆၂၄၊ ဦးခင်မောင်ဇော်(သာစည်) ဖုန်း-၀၆၄-၉၆၂၃၆နှင့် ဦးခင်မောင်အေး (သာစည်) ဖုန်း-၀၆၄-၆၉၃၂၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

သက်ကြီးစာပေပညာရှင်များ ပူဇော်ရန်ငွေလှူ

ရန်ကုန် ဒီဇင်ဘာ ၄

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ၁၃၇၂ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် အသက် ၈၀ နှင့်အထက် သက်ကြီးစာပေပညာရှင် ၁၃၅ ဦးတို့အားပူဇော်ရန်အတွက် ပန်းဘဲတန်းစာပေနှင့် စာနယ်ဇင်း အမှုဆောင်အဖွဲ့က ငွေကျပ်တစ်သိန်းကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်း(ဗဟို)သို့ သွားရောက်လှူဒါန်းသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပန်းဘဲတန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ သတင်းထောက် သန်းဆွေ(ပန်းဘဲတန်း)၊ ဒုတိယဥက္ကဋ္ဌ ဆရာကြီး ရန်ကြီးအောင်၊ အတွင်းရေးမှူး စိန်ဂျွန်းစံမောင်၊ ဘဏ္ဍာရေးမှူး ဝါးခယ်မစိုးမြင့်အောင်(ဖျံငါးကောင်)တို့က စုပေါင်း၍ ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်း ကော်မတီအတွင်းရေးမှူး မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ (ဗဟို) ပြန်ကြားရေးမှူး ဒေါ်နန်းကလျာဝင်း (ငွေသော်တာ)နှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များက လက်ခံရယူကြသည်။ (၁၉)

သထုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ ရုံးရှေ့ တြိဂံပန်းခြံတွင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားမှုကို မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနိုကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

အသုတ် (အထက) ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၄

အသုတ်မြို့ (အထက) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက်တွင် လည်းကောင်း၊ မိတ်ဆုံညစာစားပွဲကို ဒီဇင်ဘာ ၂၄ ရက်တွင်လည်းကောင်း အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်၍ ဦးကျော်ထင် ဖုန်း-၀၁-၅၇၃၁၉၁၊ ၀၉-၅၀၇၁၈၃၆၊ ဒေါက်တာအောင်မြတ်စိုး ဖုန်း-၀၉-၅၁၆၃၆၀၉၊ ဒေါက်တာအောင်သူ ဖုန်း-၀၉-၅၀၁၁၆၂၅၊ ၀၉-၈၅၅၃၄၄၂၊ ဥမ္မာရည် ဖုန်း-၀၉-၅၁၄၀၂၅၅၊ ၀၉-၈၅၅၈၃၀၇၄၊ ဦးအောင်သန်းဝင်း(မိုးကြီး) ဖုန်း-၀၉-၅၁၂၆၈၇၇၊ ၀၉-၈၀၂၁၂၇၈၊ ၀၉-၈၅၅၄၂၃၀၊ ဦးဇော်မြင့် ဖုန်း-၀၄၆-၅၀၁၃၃နှင့် ဦးတင်ရွှေ ဖုန်း-၀၄၆-၅၀၀၆၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ABE Diploma သင်တန်းများ WISE တွင် ဖွင့်လှစ်သင်ကြားမည်

ရန်ကုန် ဒီဇင်ဘာ ၄

Wise International School for Executives က ABE Diploma in Business Management သင်တန်းများကို ဒီဇင်ဘာလတွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းကာလမှာ ခြောက်လဖြစ်ပြီး စာမေးပွဲကို ၂၀၁၁ခုနှစ် ဇွန်လဆန်းတွင် ABE, UK က ကြီးမှူး၍ တိုက်ရိုက်စစ်ဆေးသွားမည်ဖြစ်သဖြင့် Diploma အောင်မြင်သူများအား ABE, UK က နိုင်ငံတကာအဆင့်မီ အောင်လက်မှတ်များကို တိုက်ရိုက်ချီးမြှင့်သွားမည်ဖြစ်သည်။

Diploma အောင်လက်မှတ်များသည် USA, England, Australia, Singapore နှင့် Europe ရှိ နိုင်ငံကြီးများ စသောနိုင်ငံများနှင့် နိုင်ငံတကာရှိ တက္ကသိုလ်၊ ကောလိပ်များမှ အသိအမှတ်ပြုထားသဖြင့် စီးပွားရေး၊ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့နှင့် သက်ဆိုင်သော ဘာသာရပ်များကို မိမိသွားရောက် ပညာသင်ကြားလိုသော နိုင်ငံများ၌ ဝင်ခွင့်စာမေးပွဲများ ဖြေဆိုစရာမလိုဘဲ တက္ကသိုလ် ဒုတိယနှစ်၊ တတိယနှစ် သင်တန်းများနှင့် MBA ဒုတိယနှစ် သင်တန်းများကို တိုက်ရိုက်တက်ရောက်သင်ယူနိုင်မည်ဖြစ်သည်။

Diploma အောင်လက်မှတ်ရရှိထားသော လူငယ်များအနေဖြင့် WISE က လစဉ်ဖွင့်လှစ် သင်ကြားပေးလျက်ရှိသော Financial Management, Human Resourse Management, Sales and Marketing Management, Retail Management, Customer Services and Retail Selling စသော Management Short Courses (စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်) များကိုလည်း သင်တန်းကြေး အခမဲ့ဖြင့် တက်ရောက်သင်ကြားနိုင်မည့် အခွင့်အရေးများ ရရှိမည်ဖြစ်သည်။

WISE က ဖွင့်လှစ်သင်ကြားလျက်ရှိသော ABE သင်တန်းများတွင် အသက်(၁၆)နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုပြီးသူတိုင်း တက်ရောက်သင်ကြားနိုင်သော Certificate သင်တန်းများ၊ တက္ကသိုလ်တစ်ခုခုတွင် ပညာသင်ကြားနေသော ကျောင်းသားများနှင့် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီး လုပ်ငန်းခွင်တွင် ဝင်ရောက်လုပ်ကိုင်နေသူများအတွက် Diploma သင်တန်းများနှင့် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီး အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုရာထူးများတွင် အနည်းဆုံး လုပ်သက် နှစ်နှစ်ရှိသူများအတွက် Advanced Diploma သင်တန်းများကို တက်ရောက်နိုင်ကြပြီး အောင်လက်မှတ်များကို ရယူနိုင်သည်။

စိတ်ပါဝင်စားသူများသည် Wise International School for Executives အခန်းအမှတ် (၁၀၀၉) (၁၀)ထပ် ယုဇနတာဝါ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းဆုံ ဗဟန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

တပ်မတော်(ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော်　ဒီဇင်ဘာ　၄

၂၀၁၀ ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ ညနေပိုင်းတွင် သတ်မှတ်ထားသည့် ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန် (တောင်ကြီး)၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းတို့သည် တစ်ဖက်သုံးဂိုးစီ သရေဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန်(ပုသိမ်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက တြိဂံဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ် (၇၇)ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန်(တောင်ငူ)၌ အမှတ်(၆၆)ခြေမြန်တပ်မဌာနချုပ်အသင်းနှင့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီ သရေဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ အမှတ်(၈၈) ခြေမြန်တပ်မဌာနချုပ်အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

(၁၁)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ (၅၊ ၆)ရက် နေပြည်တော်

ဝေဖန်မှုများ အတောမသတ်နိုင်အောင်ဖြစ်နေခဲ့ရသည့် ဇူးရစ်မြို့မှ ကမ္ဘာ့ဖလား အိမ်ရှင်ရွေးချယ်ပွဲ

လန်ဒန်　ဒီဇင်ဘာ ၄

၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတို့အတွက် အိမ်ရှင်ရွေးချယ်ပွဲကြီးကား ပြီးဆုံးခဲ့ပြီဖြစ်သည်။ ထိုသို့ ပြီးဆုံးခဲ့ပါသော်လည်း အင်္ဂလိပ်ကလပ်နည်းပြများနှင့် အင်္ဂလန်မီဒီယာများအကြားတွင် ဖီဖာတာဝန်ရှိသူများအပေါ် ပြစ်တင်ဝေဖန်မှုများ အတောမသတ်နိုင်အောင် ဖြစ်နေခဲ့ရသည်။

အင်္ဂလန်၏ ၂၀၁၈ ကမ္ဘာ့ဖလား ကြိုးပမ်းမှုအဖွဲ့ အမှုဆောင်ချုပ် အင်ဒီအန်ဆင်မှာ အင်္ဂလန် ၂၀၁၈ ကမ္ဘာ့ဖလား အိမ်ရှင်ဖြစ်ရေးကြိုးပမ်းမှုတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်သည်။ ထို့ပြင် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း၊ မင်းသားဝီလျံနှင့် ဒေးဗစ်ဘက်ခမ်းတို့သည် ယင်းကို အားပေးကူညီရင်း မျှော်လင့်ချက်ကြီးမားစွာဖြင့် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့အထိ လိုက်ပါပြီး အဆိုပါ အိမ်ရှင်ရွေးချယ်ပွဲကြီးကို တက်ရောက်ခဲ့ကြသည်။ ၂၀၁၈ အတွက် အိမ်ရှင်ရွေးချယ်ပွဲကြီး စတင်ချိန်တွင် တစ်ပေးခြင်းခံခဲ့ရသည့် နာမည်ကြီး အင်္ဂလန်မှာ ထောက်ခံမဲနှစ်မဲသာ ရရှိပြီး ပထမအဆင့်၌ပင် ခွက်ခွက်လန်အောင် ရှုံးနိမ့်ခဲ့ရသည်။ စုစုပေါင်း မဲပေးခွင့် ၂၂မဲ ရှိရာတွင် နှစ်မဲသာ ရရှိခဲ့ခြင်းမှာ အင်္ဂလန်အတွက် အကျည်းတန် အရုပ်ဆိုးလှသည့် ဖြစ်ရပ်ဖြစ်သည်။ ယင်းနှစ်မဲမှာလည်း အင်္ဂလန်ကိုယ်တိုင် တစ်မဲနှင့် ဂျပန်တစ်မဲတို့ဖြစ်သည်။

ယင်းသို့ဖြစ်ရခြင်းကို စပါးနည်းပြ ဟယ်ရီရက်နက်ပ်က အင်္ဂလန်အတွက် မယုံကြည်နိုင်ဖွယ်ရာဖြစ်ပြီး အလှည့်စားခံလိုက်ရခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးကလည်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ လုပ်ထုံးလုပ်နည်းများသည် ခေတ်နောက်ကျလျက်ရှိပြီး အိမ်ရှင်အရည်အချင်းနှင့် ကိုက်ညီသည့်နိုင်ငံကို ရှိသင့်ရှိထိုက်သည့် အရည်အချင်းများ သတ်မှတ်ပြီး သေချာကျနစွာ စိစစ်ရွေးချယ်သင့်ကြောင်း ဝေဖန်ထောက်ပြခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ၂၀၁၈ ကမ္ဘာ့ဖလားအိမ်ရှင်ရွေးချယ်ပွဲကြီးက ပြီးဆုံးခဲ့လေပြီ။ ပြန်လည်ပြင်ဆင်၍ မရတော့ပေ။ အိမ်ရှင်ဖြစ်ခွင့်ရသည့် ရုရှားပြည်သူများက အောင်ပွဲခံ၍ ပြုံးပျော်မဆုံး။ မျှော်လင့်ချက်ကြီးမားခဲ့သည့် အင်္ဂလန်ပြည်သူများနှင့် ကစားသမားများမှာမူ ဝမ်းနည်းပက်လက် ဖြစ်နေကြရပြီဖြစ်သည်။ အင်္ဂလန်ဘောလုံးကြယ်ပွင့် ဒေးဗစ်ဘက်ခမ်းနှင့် မင်းသားဝီလျံတို့၏ ကြိုးပမ်းမှုများမှာ အရာမထင်ခဲ့သကဲ့သို့ ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းကလည်း ဤသတင်းကို နားခါးစရာတစ်ခုဖြစ်ခဲ့ရသည်ဟု ပြောကြားခဲ့သည်။ အင်္ဂလန်မီဒီယာများနှင့် ဖီဖာအဖွဲ့ဝင်များကြားမှ

ကမ္ဘာ့ဖလားအိမ်ရှင်ရွေးချယ်ပွဲသို့ တက်ရောက်ခဲ့သည့် ဒေးဗစ်ဘက်ခမ်း၊ မင်းသားဝီလျံနှင့် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်း။

မပြေလည်မှုများကြောင့် အင်္ဂလန်အသင်း ရှုံးနိမ့်ခဲ့ရသည်ဆိုသည့် သတင်းကိုမူ ဒေးဗစ်ဘက်ခမ်းက ငြင်းဆိုသွားခဲ့သည်။

အင်တာနက်။

ချယ်လ်ဆီးနောက်ခံလူ အဲလစ် ဒူးခွဲစိတ်ကုသမှုခံယူရမည်

လန်ဒန်　ဒီဇင်ဘာ ၄

ချယ်လ်ဆီးအသင်းမှ ဘရာဇီးနောက်ခံကစားသမား အဲလစ်မှာ ဒူးခွဲစိတ်ကုသမှု ခံယူရမည်ဖြစ်ခြင်းကြောင့် နှစ်လခန့် အနားယူရတော့မည်ဖြစ်ကြောင်း သိရသည်။

အသက် (၂၈)နှစ်ရှိ အဆိုပါကစားသမားမှာ ချယ်လ်ဆီးအသင်း၏ နောက်တန်းပြဿနာကြောင့် အသင်း၏ပွဲထွက်ကစားသမားအဖြစ် ပါဝင်နေခဲ့ရသော်လည်း ယခုတွင်မူ ၎င်း၏ဒဏ်ရာမှာ မဖြစ်မနေခွဲစိတ်ကုသရတော့မည် ဖြစ်သည်။ နည်းပြ အန်ဆန်လော့တီကမူ အဲလစ်၏ ဒဏ်ရာမှာ ခွဲစိတ်ကုသရမည်ဖြစ်ခြင်းကြောင့် အနည်းဆုံး ခြောက်ပတ်မှ ရှစ်ပတ်အထိနားရမည်ဟု မှတ်ချက်ပေးခဲ့သည်။ သို့သော် နောက်တန်းတွင် အသင်းခေါင်းဆောင် ဂျွန်တယ်ရီမှာ ပြန်လည်ကစားနိုင်ပြီဖြစ်ခြင်းကြောင့် ချယ်လ်ဆီးအတွက် သက်သာရာရခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။　**အင်တာနက်။**

ဒူးခွဲစိတ်ကုသမှု ခံယူရမည့် ချယ်လ်ဆီးနောက်ခံကစားသမား အဲလစ်။

ဒီဇင်ဘာ တတိယပတ်သည် မန်ယူချန်ပီယံဖြစ်ရေး အရေးပါဆုံးဟု ဖာဂူဆန်ဆို

မန်ချက်စတာ　ဒီဇင်ဘာ　၄

ဒီဇင်ဘာ တတိယပတ်သည် မန်ယူအသင်းချန်ပီယံဖြစ်ရေးအတွက် အရေးပါဆုံးသော ရက်သတ္တပတ်ဖြစ်သည်ဟု နည်းပြဖာဂူဆန်က ပြောဆိုလိုက်သည်။

အဘယ်ကြောင့်ဆိုသော် မန်ယူအသင်းသည် ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် ပရီမီယာလိဂ်ပွဲစဉ် (၁၇)အဖြစ် အိုးထရက်ဖို့ဒ်တွင် အာဆင်နယ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ပရီမီယာလိဂ် ပွဲစဉ် (၁၈)အဖြစ် စတမ်းဖို့ဒ်ဘရစ်ချ်တွင် ချယ်လ်ဆီးနှင့် ပွဲကျပ်နွှဲရမည်ဖြစ်သည်။ မန်ယူအသင်းအနေဖြင့်အဆိုပါ ပွဲကျပ်နှစ်ပွဲကို ကျော်ဖြတ်နိုင်ပါက ချန်ပီယံဖြစ်ရေး အလေးသာသွားပြီဟု နည်းပြဖာဂူဆန်ကဆိုသည်။　**အင်တာနက်။**

ပရီမီယာလိဂ် ပွဲစဉ် (၁၆) ရလဒ်များ

ဝီဂန် ၂ - ၂ စတုတ်စီးတီး
ဘလက်ဘန်း ၃ - ၀ ဝုလ်ဗာဟမ်တန်
ဘာမင်ဂမ် ၁ - ၁ စပါး
ချယ်လ်ဆီး ၁ - ၁ အဲဗာတန်
မန်စီးတီး ၁ - ၀ ဘော်လ်တန်
အာဆင်နယ် ၂ - ၁ ဖူလ်ဟမ်

အင်တာနက်။

ဝင်းတင်(ကြေးမုံ)

အိုဝင်ကွိုင်လီနှင့် အယ်လ်မေးဒါး နိုဝင်ဘာလ၏ အကောင်းဆုံး မန်နေဂျာနှင့် ကစားသမားဆုများရရှိ

လန်ဒန်　ဒီဇင်ဘာ　၄

ဘော်လ်တန်အသင်းနည်းပြ အိုဝင်ကွိုင်လီနှင့် အသင်း၏ကစားသမားဂျိုဟန် အယ်လ်မေးဒါးတို့နှစ်ဦးသည် ဘာကလေ ပရီမီယာလိဂ်၏ နိုဝင်ဘာလအတွက် အကောင်းဆုံး မန်နေဂျာနှင့် ကစားသမားဆုများ အသီးသီး ချီးမြှင့်ခံရသည်။ ကွိုင်လီသည် ဘော်လ်တန်အသင်းအား နိုဝင်ဘာလအတွင်းတွင် သုံးပွဲနိုင်၊ နှစ်ပွဲသရေဖြင့် ရှုံးပွဲမရှိ အမှတ်ပေးဇယားတွင် အဆင့် ခြောက်နေရာ၌ ရပ်တည်နိုင်အောင် စွမ်းဆောင်ပေးခဲ့သည်။

နိုဝင်ဘာလ၏ အကောင်းဆုံး မန်နေဂျာဆုရရှိခဲ့သည့် ဘော်လ်တန်နည်းပြ အိုဝင်ကွိုင်လီ။

အားလုံးနှင့်သက်ဆိုင်

နည်းပြကွိုင်လီက ယင်းဆုသည် ၎င်းတစ်ဦးတစ်ယောက်အတွက် မဟုတ်ဘဲ အသင်းရှိ အားလုံးနှင့် သက်ဆိုင်ကြောင်း ပြောကြားခဲ့သည်။

တိုက်စစ်မှူး အယ်လ်မေးဒါးသည် နိုဝင်ဘာလအတွင်းတွင် အသင်းအတွက် သုံးဂိုးသွင်းယူပေးခဲ့သည်။ "ကစားသမားကောင်းတွေ အများကြီးရှိတဲ့ ပရီမီယာလိဂ်မှာ အခုလို ချီးမြှင့်ခံရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်မိပါတယ်"ဟု ၎င်းက ဆိုသည်။

နည်းပြကောင်းတစ်ဦး၏ လက်အောက်တွင် ကစားရခြင်းမှာ အဆင်ပြေကြောင်းနှင့် ယခုလို ဆုရရှိရန်အတွက် ၎င်း၏ အစွမ်းကို ဖော်ထုတ်ခွင့်ရနိုင်ရေး ပံ့ပိုးပေးခဲ့ကြသော အသင်းဖော်အားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။　**အင်တာနက်။**

ချယ်လ်ဆီးအသင်း ကာပေးကို ပထမဆုံး တရားဝင်ချဉ်းကပ်

လန်ဒန်　ဒီဇင်ဘာ　၄

ပြောင်းရွှေ့ကြေး ပေါင် ၁၇ သန်း သတ်မှတ်ထားသော ဘော်လ်တန် နောက်ခံလူ ဂယ်ရီကာပေးအား ပထမဦးဆုံး ချဉ်းကပ်သည့်အသင်းသည် ချယ်လ်ဆီးဖြစ်လာဖွယ်ရှိသည်။

ပထမဦးဆုံး

အသင်းများစွာက ကာပေးအား ခေါ်ယူလိုနေသည်ဟု ယုံကြည်ရသော်လည်း ချယ်လ်ဆီးသည် ပထမဦးဆုံး တရားဝင်ဆက်သွယ်သည့် အသင်းဖြစ်သည်ဟု သတင်းတစ်ရပ်က ဆိုသည်။

ဆက်ထိန်းထားလို

ဘော်လ်တန်နှင့် နှစ်ရှည်စာချုပ် ချုပ်ဆိုထားသော ကာပေးကို ခေါ်ယူလိုသည့် အသင်းအနေဖြင့် မြင့်မားသော ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းရမည်ဖြစ်ပြီး ဘော်လ်တန်မန်နေဂျာ အိုဝင်ကွိုင်လီက ကာပေးအား အသင်းတွင် ဆက်ထိန်းထားလိုသည်။

အသက် (၂၄) နှစ်အရွယ် ကာပေး အနေဖြင့် အသင်းကြီးတစ်သင်းသို့ ပြောင်းရွှေ့လိုသည်ဟု ဝန်ခံထားသော်လည်း ယခုအချိန်တွင်မူ ဘော်လ်တန်၌ ပျော်ရွှင်နေသည်ဟု ဆိုသည်။

စိတ်ဝင်စားခြင်းခံနေရ

ကာဗယ်ဟို ရီးယဲမက်ဒရစ်သို့ ပြီးခဲ့သည့် နွေရာသီက ပြောင်းရွှေ့သွားခဲ့သည့်အတွက် ၎င်းနေရာကိုအစားထိုးရန်နှင့်ခံစစ်အတွင်းလူ ရှားပါးမှုပြဿနာကို ဖြေရှင်းရန်အတွက် ကာပေးကို ချယ်လ်ဆီးက ခေါ်ယူလိုနေခြင်း ဖြစ်သည်။ လက်ရှိအချိန်တွင် ကာပေးသည် အင်္ဂလန်နှင့် အီတလီမှ အသင်းကြီးများ၏ စိတ်ဝင်စားခြင်းခံနေရသော ကစားသမားတစ်ဦး ဖြစ်သည်။　**အင်တာနက်။**

ချယ်လ်ဆီးအသင်း စိတ်ဝင်စားနေသည့် ဘော်လ်တန်နောက်ခံလူ ဂယ်ရီကာပေး။

ဂွါဒီယိုလာ ဘာစီလိုနာမှ ထွက်မည်ဆိုခြင်းကို အေးဂျင့်ငြင်းဆို

ဘာစီလိုနာ　ဒီဇင်ဘာ　၄

ဘာစီလိုနာနည်းပြ ဂွာဒီယိုလာ၏ အေးဂျင့်ဖြစ်သူ ဂျိုဆေးမာရီယာ အိုဂိုဘစ်ဂ်က ဂွါဒီယိုလာသည် နူးကမ့်မှ ထွက်ခွာဖွယ်ရှိသည်ဟု သတင်းများထွက်ပေါ်နေမှုအပေါ် ငြင်းဆိုလိုက်သည်။

သက်တမ်းကုန်ဆုံးမည်

ထိုစွမ်းဆောင်ရည်မြင့်နည်းပြအား အင်တာမီလန်၊ ချယ်လ်ဆီးနှင့် မန်ချက်စတာယူနိုက်တက် စသည့် အသင်းကြီးများက အဆက်အသွယ်ပြုနေသည်ဟု သတင်းများ ထွက်ပေါ်နေသည်။ ဂွါဒီယိုလာသည် ဘာစီလိုနာနှင့် ချုပ်ဆိုထားသော စာချုပ်သည် လာမည့်ဇွန်လတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။

"စာချုပ်သက်တမ်းတိုးဖို့အကြောင်းပြောဖို့က စောပါသေးတယ်။ ပက် ကလည်း တစ်နှစ်ပြီးတစ်နှစ် သက်တမ်းတိုးရတာမျိုးက ပိုသဘောကျတယ်"ဟု အေးဂျင့်ဖြစ်သူက ဆိုသည်။

"အခြားအေးဂျင့်တွေက မေးမြန်းတာလောက်ပဲရှိပါတယ်။ ဘယ်အသင်းကမှ တိုက်ရိုက်ဆက်သွယ်တာမျိုး မရှိသေးပါဘူး။ အခုအချိန်မှာ ဘာစီလိုနာနဲ့ လမ်းခွဲဖို့ သူမစဉ်းစားသေးပါဘူး"ဟုလည်း ဆိုပြန်သည်။

ယခုတစ်လော ထွက်ပေါ်နေသည့် သတင်းတစ်ရပ်မှာ ချယ်လ်ဆီးအသင်းသည် ၎င်း၏နည်းပြ အန်ဆန်လော့တီ ရာသီကုန်တွင် အသင်းမှထွက်ခွာသွားမည်ဆိုပါက ဂွါဒီယိုလာနှင့် အစားထိုးရန် စီစဉ်နေသည်ဟု ဆိုသည်။

အင်တာနက်။

စိုးတင့်နိုင်

ပြည်သူသို့ကျေးဇူးတင်လွှာ

အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် အဓိကကျသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ၂၀၁၀ပြည့်နှစ်၊ နိုဝင်ဘာလ (၇)ရက်နေ့က တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါရွေးကောက်ပွဲကြီးတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသည် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် (၃၂၅)နယ်အနက် (၂၅၉)နယ်၌လည်းကောင်း၊ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်(၁၆၈)နယ်အနက် (၁၂၉)နယ်၌လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်မဲဆန္ဒနယ်(၆၆၁)နယ်အနက် (၄၉၄)နယ်၌လည်းကောင်း အောင်နိုင်ခဲ့ရာ စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် (၁၁၅၄)နေရာအနက် (၈၈၂)နေရာအောင်နိုင်သည်အထိ တစ်နိုင်ငံလုံးအတိုင်းအတာနှင့် အောင်မြင်မှုရရှိခဲ့ပါသည်။

ဤသို့ ပြည်သူများက မိမိတို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအပေါ် ယုံကြည်အားကိုးစွာ တစ်ခဲနက်ထောက်ခံ ဆန္ဒပြုရွေးချယ် တာဝန်ပေးအပ်ခဲ့သည့်အတွက် မိဘပြည်သူအားလုံးကို မိမိတို့ပါတီက လှိုက်လှဲစွာကျေးဇူးဥပကာရ တင်ရှိပါသည်။

ထို့ကြောင့် ပါတီအနေဖြင့် ပြည်သူတို့၏ ယုံကြည်ကိုးစားမှုနှင့် ဆုံးဖြတ်ရွေးချယ်မှုတို့အပေါ် အစဉ်တန်ဖိုးထားလေးစားပြီး မိမိတို့ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက် စည်ပင်ဝပြောရေးအတွက် အစွမ်းကုန် ကြိုးပမ်းမြှင့်တင်ဆောင်ရွက်သွားပါမည်။

ထို့အတူ ပြည်သူကို ကျေးဇူးသိတတ်သောအားဖြင့် မိမိတို့ပါတီ၏ ရွေးကောက်ပွဲကြေညာစာတမ်းပါ ရည်မှန်းချက်၊ ယုံကြည်ချက်၊ မူဝါဒ၊ လုပ်ငန်းစဉ်၊ သဘောထားဆိုင်ရာ ကတိကဝတ်များနှင့်အညီ အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် ထာဝစဉ်ရပ်တည်နိုင်ရေး၊ တိုင်းရင်းသားပြည်သူအားလုံး၏ ဘဝလုံခြုံရေး၊ စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက်များ ပြည့်စုံရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် ပြည်သူများ၏ ထောက်ခံအားပေးမှုနှင့်အတူ အစဉ်တစိုက် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးနက်တည်ကြည်စွာ ကတိပြုအပ်ပါသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်
၂၀၀၉-၂၀၁၀ ပညာသင်နှစ်
တက္ကသိုလ်ဝင်တန်းအောင်ထူးချွန်၊ ဂုဏ်ထူးရကျောင်းသား၊ကျောင်းသူများ
ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားဖိတ်ကြားလွှာ

အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်၊ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ပါ၍ (မပျက်မကွက်) ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

မြန်မာတစ်နိုင်ငံလုံး တတိယဆင့်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် တတိယဆင့်ရရှိသူ	၁	ဦး
မြန်မာတစ်နိုင်ငံလုံး သတ္တမဆင့်နှင့် ရန်ကုန်တိုင်းဒေသကြီးတွင် ဆဋ္ဌမဆင့်ရရှိသူ	၁	ဦး
ရန်ကုန်တိုင်းဒေသကြီးတွင် နဝမဆင့်ရရှိသူ	၂	ဦး
ရန်ကုန်တိုင်းဒေသကြီးတွင် ဒသမဆင့်ရရှိသူ	၁	ဦး
မြန်မာတစ်နိုင်ငံလုံးတွင် သင်္ချာအိုလံပစ် တတိယရရှိသူ	၁	ဦး
ခြောက်ဘာသာဂုဏ်ထူးရှင်	၁၇	ဦး
ငါးဘာသာဂုဏ်ထူးရှင်	၈၉	ဦး
လေးဘာသာဂုဏ်ထူးရှင်	၁၅၆	ဦး
သုံးဘာသာဂုဏ်ထူးရှင်	၇၀	ဦး
နှစ်ဘာသာဂုဏ်ထူးရှင်	၅၈	ဦး
တစ်ဘာသာဂုဏ်ထူးရှင်	၁၀၀	ဦး

အခမ်းအနားအစီအစဉ်

ကျင်းပမည့်နေ့ရက် - ၁၂-၁၂-၂၀၁၀ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၈ နာရီ
ကျင်းပမည့်နေရာ - ဒဂုံသီရိခန်းမ၊ အထက(၁)ဒဂုံ

မှတ်ချက် ။ ။ ဂုဏ်ပြုဆုချီးမြှင့်ပွဲသို့ ကျောင်းဝတ်စုံဖြင့် တက်ရောက်ကြပါရန်။

မိဘဆရာအသင်း၊ အထက(၁)ဒဂုံ



ဆေးတက္ကသိုလ်(၁) (၁၉၇၄-၁၉၈၂)
ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများ၏
တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲ

သူငယ်ချင်းတို့----တို့တစ်တွေကို ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများကို တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပရန် အောက်ပါအတိုင်း စီစဉ်ထားပါတယ်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများ

"သူငယ်ချင်းတို့တစ်တွေ ပြန်လည်ဆုံစည်းကြရန် ကြိုးစားပြီး လာရောက်စေလိုပါတယ်"

နံနက်ပိုင်းအစီအစဉ်

နေ့ရက် - ၁၁-၁၂-၂၀၁၀ ရက် (စနေနေ့)
အချိန် - နံနက် ၉း၀၀ နာရီမှ ၁၁း၀၀ နာရီထိ
နေရာ - ဆေးတက္ကသိုလ်(၁)လမ်းမတော်၊ ရန်ကုန်မြို့

ညနေပိုင်းအစီအစဉ် (Gathering Dinner)

နေ့ရက် - ၁၁-၁၂-၂၀၁၀ ရက် (စနေနေ့)
အချိန် - ညနေ ၅း၃၀ နာရီ။
နေရာ - Western Park Royal Restaurant
ကန်တော်ကြီးပန်းခြံ။

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

၂၀၁၀ ခုနှစ် ဒီဇင်ဘာ ပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ စတင်ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၄

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးဟူသော ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူထုအားကစားလှုပ်ရှားမှုများ ကျယ်ပြန့်စွာဆောင်ရွက်နိုင်ခြင်းသည် အဓိကကျသည်။နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်၌ ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ် ဒီဇင်ဘာလအတွင်း စနေနေ့တိုင်း လူထုစုပေါင်းလမ်းလျှောက်ပွဲများကိုလည်းကောင်း၊ အားကစားပြိုင်ပွဲများကိုလည်းကောင်း၊ လွတ်လပ်ရေးနေ့အထိမ်းအမှတ် နေ့ချင်းပြီး အားကစားပြိုင်ပွဲများကိုလည်းကောင်း ကျင်းပလျက်ရှိရာ ၂၀၁၀ ခုနှစ် ဒီဇင်ဘာပထမပတ် လူထုစုပေါင်းလမ်းလျှောက်ပွဲ ကို ယနေ့ နံနက် ၆ နာရီတွင် မြို့မဈေးရှေ့ စုရပ်၌တာထွက်၍ စတင်ကျင်းပသည်။**(ယာပုံ)**

စာမျက်နှာ ၅ ကော်လံ ၁ သို့



ဗောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင်ဒေသရှိ ကြာပေါင်းစုံသည့် ရေကန်ကြီးနှင့် ရွှေမြင်တင်တောင်အလှကို တွေ့ရစဉ်။

အညာမြေက အိုအေစစ်ပမာ ဖြစ်တည်လာသည့် ဗောဓိတစ်ထောင် ကျောက္ကာ ရွှေမြင်တင်ဒေသ

ရတနာပုံတံတားကြီးကိုကျော်သည်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းသို့ ချင်းနင်းဝင်ရောက်လာခဲ့သည်။ မုံရွာ-မန္တလေး ကားလမ်းမကြီး၏အရှေ့ဘက် ရောဝတီမြစ်ကြီးကို မေးတင်နေသော ရွှေမင်းဝံတောင်ခေါ် စစ်ကိုင်းတောင်ကြီးကား သစ်ပင်၊ သစ်တောများဖြင့် စိမ်းစိုသာယာလျက်ရှိသည်။

ထိုမှတစ်ဆင့် မုံရွာမြို့နယ်ရှိ ဗောဓိတစ်ထောင် သာသနာ့နယ်မြေသို့ရောက်သည်။ မုံရွေးကျေးရွာမှ တစ်ဆင့် မုံရွေး-ဗောဓိတစ်ထောင် လမ်းအတိုင်း သွားရောက်ခဲ့ခြင်းဖြစ်သည်။ အဆိုပါလမ်းမှာ မကြာမီက အသစ် ဖောက်လုပ်ထားသော ကတ္တရာလမ်းဖြစ်ပြီး အရှည်ငါးမိုင် ကျော်ခန့်ရှိသည်။ လမ်းဘေး ဝဲ၊ ယာတစ်လျှောက် ကွမ်း၊ တမာ၊ ဆီး၊ ဆီးဖြူ၊ ကုက္ကိုနှင့် အခြားအရိပ်ရပင်များဖြင့် စိုပြည်သာယာနေသည်။ ဆိုင်ကယ်ဖြင့် ပို့ဆောင်ပေးသော မုံရွေးကျေးရွာမှ သူငယ်ချင်း ကိုကျော်စိုးက "အခု ဒို့ရွာက လူတွေ ယာခင်းကိုသွားရင် အရင်ကလို လှည်းနဲ့ မသွားကြတော့ဘူး

စာမျက်နှာ ၅ ကော်လံ ၁ သို့

သတင်း ဆောင်းပါးနှင့် ဓာတ်ပုံ ရန်ကြီးအောင်